


ထိတ်လန့်ချောက်ချားဖွယ်ဝတ္ထု၊
ရွာထဲကအသေလောင်း
ပန်းချီ သိန်းရွှေကြည်
2011

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဂူထဲကအလောင်း



တမူခွင့်ပြုချက်အမှတ် – ၅၀၀၉၃၀၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၂၅၀၁၁၂
၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ – ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/–)ကျပ်

- **ထုတ်ဝေသူ**

ဦးသစ်လွင်၊ ဂန္ဓာမြိုင်စာပေ၊ (မြ–၀၉၄၈)၊ အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊ ၆–ရပ်ကွက်၊ သာကေတမြို့နယ်။

- **မျက်နှာဖုံးပုံနှိပ်**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက် အမှတ်–၁၇၁၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်။

- **အတွင်းပုံနှိပ်**

ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက် ၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

- **ပြည်လုံးကျွတ်ဖြန့်ချိရေး**

**ဖိုးရှင့်အောင်စာပေ**

အမှတ်–၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃

မော်ကေရီ
ရွာထဲကအလောင်း/မော်ကေရီ– ရန်ကုန်၊
ဂန္ဓာမြိုင်စာပေ၊ ၂၀၁၂။
၁၂၀–စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) ရွာထဲကအလောင်း

# ပါဝင်သောအခန်းများ


အခန်း ၁။ သေမင်းကိုယ်စားလှယ်

အခန်း ၂။ ကလေးပျောက်တဲ့ည

အခန်း ၃။ တစ္ဆေနှင်သံ

အခန်း ၄။ တမလွန်သို့

အခန်း ၅။ ထူးဆန်းသောခွေးအူသံ

အခန်း ၆။ ဝိညာဉ်ကြောင်နက်

အခန်း ၇။ အစာတောင်းသူ

အခန်း ၈။ စာရင်းရှင်းမယ်

အခန်း ၉။ ဝိညာဉ်မယ်တော်

အခန်း ၁၀။ သုဘရာဇာတစ်ယောက်

အခန်း ၁၁။ ဆရာလာတဲ့နေ့

အခန်း ၁၂။ သချိုင်းမှာလာနေတဲ့တစ္ဆေ
အခန်း ၁၃။ ဖုတ်ထုတ်မယ့်ည
အခန်း ၁၄။ ရွာပြန်မယ့် မိစ္ဆာမ
အခန်း ၁၅။ တစ္ဆေနှင်တဲ့ရွာ
အခန်း ၁၆။ သိုက်တူးပွဲ
နိဂုံး

## အခန်း (၁)
## သေမင်းကိုယ်စားလှယ်

ခေမာရွာ

အလယ်ပိုးမတောင်ခြေရွာလေးတစ်ရွာဖြစ်သလို မြို့နှင့်လည်းအလှမ်းဝေးလှတာကြောင့် အပြင်လူအရောက်အပေါက်နည်းလှသည်။ ရွာသူရွာသားတွေကလည်း အသိပညာဗဟုသုတနည်းပါးလှသလို မိရိုးဖလာ ယာလုပ်ငန်းတောတက် ထင်းရှာ၊ ဆေးမြစ်ရှာအလုပ်များကိုသာလုပ်ကိုင်ကြသည်။

တချို့တလေ မြို့တက်အလုပ်လုပ်တာရှိပေမယ့် အရေအတွက်ကတော့အလွန်နည်းလှသည်။

ခေမာရွာနှင့် အနီးဝန်းကျင်ရွာများမှာ အနည်းဆုံးငါးမိုင်ခန့်ဝေးကွာတာကြောင့် သီးခြားရွာလိုဖြစ်နေသည်။ အိမ်ခြေ တစ်ရာကျော်ရှိတယ်ဆိုပေမယ့်ခြံတွေကကျယ်လွန်းတာကြောင့် ရွာကကြီးလှသည်ဟုထင်ရ၏။

အင်းဝဘုရင်တစ်ပါး၏ အမျက်ရှခံရသည့် မိဘုရားတစ်ပါး လာရောက်ပုန်းရှောင်စခန်းချရာမှ ရွာဖြစ်လာသည်ဟုပြောကြသလို ရွာနှင့်မလှမ်းမကမ်းတောင်ကုန်းပေါ်မှာတော့ ကြီးမားသည့်ကျောက်လိုဏ်ဂူကြီးရှိသည်။

ထိုဂူကြီးထဲမှာ မိဘုရားရုပ်ထုတစ်ခုရှိသည်။ ရာဇနှင့်တံကိုကိုင်ထား

သည့် မိဘရှာချန်ထားခဲ့သည့်နေရာ တစ်ယောက်အရွယ်အစားရှိ၍ လူသားတစ်ယောက်မှ ထင်ရှား။

ရွာထိပ်ရွာဝင်လမ်းဘေးမှာတော့ မိဘရှားနန်းစံခဲ့ရာ ကျွန်းနန်းဟု ခေါ်သော အိမ်ကြီးတစ်လုံးရှိသည်။

ထိုအိမ်ကြီးထဲမှာ ထူးခြားသောမိသားစုတစ်စုနေထိုင်သည်။

အဘွားအိုတစ်ဦး သူ့မြေးမငါးဦးနှင့် အိမ်တော်စောင့်ဦးအဂ္ဂဆိုသည့် အသက်ငါးဆယ်ကျော်အရွယ်လူကြီးတို့နေကြသည်။

ရွာကသူကြီးအပါအဝင် ရွာသူရွာသားတို့မှာ ထိုအိမ်မဲကြီးမှလူများနှင့် မပတ်သက်ရဲကြ အလွန်မှကြောက်ကြ၏။ အိမ်မဲကြီးမှ အဘွားအို၏ မြေးမငါးဦးမှာတစ်ဦးတစ်ဦး အသက်အရွယ်ချင်းလည်းမကွာလှတာကြောင့် ရွယ်တူလိုဖြစ်နေပြီးအလွန်လှပကြ၏။

ခေမာရွာထဲရှိ လူပျိုကာလသားများကတော့ ထိုညီအစ်ငါးဖော်ကိုယော လို့တောင် စိတ်ကူးမယဉ်ရဲကြ ...

မြင်ရုံနှင့်ပင်သွေးပျက်မတတ်ဖြစ်သွားကြ၏။

ထိုသို့ဖြစ်ရတာလည်း အကြောင်းရှိသည်။ ရွာမှလူတွေသေမည်ဆိုလျှင် ညီအစ်မငါးဦးထဲမှ တစ်ဦးဦးက ညနေ နေဝင်မိုးချုပ်စတွင် သေဆုံးမည့်သူ၏နေအိမ်ရှေ့သို့လာရပ်၍ ခေါင်ရမ်းပန်းကို လာရောက်ပေးသည်။

ထိုသို့ပေးတာနှင့် အိမ်ထဲမှလူနာဟာ နေ့မကူးပဲသေဆုံးတော့သည်။

သေမင်းရဲ့တမန်တော် ...

ဒါမှမဟုတ် ...

ဝိညာဉ်တို့ရဲ့ ကိုယ်စားလှယ် ညီအစ်မငါးဦးကိုတစ်ရွာလုံးက ဖိန့်ဖိန့်တုန်အောင်ကြောက်ကြခြင်းဖြစ်၏။

အခုလည်း တန်ဆောင်မုန်းလကွယ်ည

ညဉ့်နက်လာတာနှင့် ဆောင်းဝင်စ အအေးဓာတ်က စိမ့်စိမ့်လေးဝေ လို့လာသည်။

ရှိုးမတောင်ခြေရွာဖြစ်တာကြောင့် ဆီးနှင်းတို့ကလည်းတပေါက်ပေါက်ကျ လို့နေလေ၏။

"အု ... ဝူး"

အိပ်မောကျနေသောရွာ၏ထိပ်မှာ တစ်ကိုယ်လုံးနက်ပြောင်နေသော ခွေးကြီးတစ်ကောင်ရဲ့ဆွဲဆွဲငင်ငင် အူလိုက်တဲ့အသံက ကျယ်လောင်စွာထွက်ပေါ် လို့လာသည်။

"ဟင်"

အေးမေတစ်ယောက်လန့်နိုးသွားပြီး သူ့ဘေးက ကလေးကိုစမ်းလိုက်ရာ မတွေ့သဖြင့် ဘေးကအိပ်နေသည့် သူ့ယောကျ်ားမိုးကြီးအား ...

"ကိုမိုး ထပါဦး ကိုမိုးရဲ့"

"အင်း ... "

မိုးကြီးက အော်ပြီးပြန်အိပ်သွားသည်။ အေးမေကထထိုင်၍မိုးကြီးရဲ့ ခန္ဓာကိုယ်ကိုလှုပ်ကာ ...

"ကိုမိုး ထဆို ကျုပ်သမီးလေးမရှိတော့ဘူး"

"ဟေ ... "

ထိုအခါမှ မိုးကြီးက အိပ်မှုန်စုံမွှားဖြင့်ထပြီး ...

"မီးခွက်ထွန်းစမ်း အေးမေ ရှိမှာပေါ့ကွ၊ မှောင်နေလို့မတွေ့တာနေမှာ ပါကွာ"

"ထွန်းလိုက်မယ်"

အေးမေက ခေါင်းရင်းခုံပေါ်တွင်တင်ထားသည့် ရေနံဆီမီးခွက်နှင့်မီးခြစ် ကိုလက်နှင့်စမ်းကာ မီးခွက်တွင်ညှိလိုက်သည်။

မီးအလင်းရောင်ရသွားသဖြင့် သူတို့အိပ်သည့်အခန်းလေးကိုရှင်းလင်း စွာမြင်လိုက်ရသည်။

"ဟာ"

"ဟင်"

နှစ်ယောက်သားအလျှော့အရာချော့ပြလို့သွားသည်။

"သမီးလေးမရှိတော့ဘူး ကိုမိုးရဲ့"

အေးမေရဲ့ဖြည်းညှင်းစွာပြောလိုက်တဲ့အသံကြောင့် ကိုမိုးတစ်ယောက်ဘာလုပ်လို့လုပ်ရမှန်းမသိအောင်ဖြစ်သွားသည်။

"နေပါဦးကွာ ငါရှာပါဦးမယ်"

"ဒီလောက်ကျဉ်းကျဉ်းလေးအိမ်ထဲမရှိတာ အရှင်းကြီးကိုဘယ်နေရာရှာဦးမှာလဲ"

"မင်းကတော့ကွာ ... "

မိုးကြီးကတဲအောက်ဆင်းကာ ဘေးပတ်လည်နှင့်အောက်ဘက်ကိုရှာကြည့်သည်။

မတွေ့၍ ...

"အေးမေ သမီးလေးကိုမတွေ့ဘူးဟ"

ငိုသံပါကြီးနှင့်လှမ်းအော်လိုက်သည်။ အေးမေကလည်းချုံးပွဲချကိုငိုလိုက်သလို မိုးကြီးကလည်း တဲရှေ့သစ်ပင်ကိုခေါင်းနှင့်စောင့်ကာခေါင်းကဖူးရောင်လို့နေသည်။

သမီးလေးက လသားအရွယ်တစ်နှစ်ပင်မပြည့်သေး ...

"ဘယ်လိုလုပ်ကြမလဲ ကိုမိုး"

"ဘယ်လိုလုပ်ရမယ်မသိဘူး တစ်ခုတော့ရှိတယ် သူကြီးဆီသွားမယ်"

"အင်း"

လင်မယားနှစ်ယောက် မီးခွက်အုပ်ကိုယူ၍ မီးခွက်ကိုထည့်ကာလက်တွင်ဆွဲ၍ သူကြီးအိမ်သို့ထွက်လာခဲ့တော့သည်။

❖ ❖ ❖

ဝိညာဉ်နုတ်လိုက်မယ်ဆိုရင်
ဘာဖြစ်လာမလဲဆိုတာ . . .

## အခန်း (၂)
## ကလေးပျောက်တဲ့ည

"ဘယ်လိုဖြစ်ကြတာလဲ ငမိုးရယ်"

သူကြီးကမေးတော့ မိုးကြီးနှင့်အေးမေတို့က သူတို့အိပ်ပျော်နေရာမှ ကလေးပျောက်သွားပုံကို အစအဆုံးပြောပြလိုက်သည်။

"တို့ရွာမှာ အခုလိုအဖြစ်မျိုးတစ်ခါမှ ဖြစ်ဖူးတာမရှိဘူး ဟော့ကောင် ငလုံး ဆယ်အိမ်ခေါင်းတွေအကုန်သွားခေါ်"

"ဟုတ် ... ဟုတ်ကဲ့"

သူကြီးဘေးနားမှာ အိပ်ငိုက်နေသည့် ငလုံးက သူကြီးခြံထဲမှထွက်ကာ ဆယ်အိမ်ခေါင်းများခေါ်ရန်သွားသည်။

"တောကောင်တော့မဖြစ်နိုင်ဘူး ငမိုး"

"ဟုတ်ကဲ့ သူကြီး"

"ရွာထဲမှာ တောကောင်ဝင်ရင် ချိတိုင်ကနွားတွေအသံကြားရမှာပေါ့၊ ပြီးတော့ မင်းတို့သုံးယောက်အိပ်နေတာ ကလေးကိုမှရွေးပြီးကိုက်သွားတာမဖြစ် နိုင်ဘူး ဒါနဲ့ကလေးငိုသံကြားသေးလား အေးမေ"

သူကြီးက အေးမေဘက်လှည့်ကာမေးလိုက်သည်။

"မကြားရပါဘူး သူကြီးရယ်"

"နင်ကအိပ်ရင် အိပ်မောကျတတ်လို့လား"

"ကျုပ် အအိပ်ဆတ်ပါတယ် သူကြီးရယ် ... ကလေးငိုသံလုံးဝကို မကြားရတာပါ"

သူကြီးလည်းစဉ်းစားရခက်နေသည်။ ရပ်ရွာကိစ္စ တာဝန်အရှိဆုံးက သူပဲမလား ... အခုလိုအဖြစ်မျိုးဆိုတော့ သူကြီးခေါင်းခြောက်ရလေပြီ။

ထိုစဉ် ...

ခြံထဲသို့ ရွာထဲကရွာသားတချို့နှင့်ဆယ်အိမ်ခေါင်းတွေရောက်လို့လာရာ သူကြီးကအကျိုးအကြောင်းပြောပြလိုက်သည်။ ဆယ်အိမ်ခေါင်းမျိုးမြင့်က

"ကျုပ် စဉ်းစားမိတာ တစ်ခုရှိတယ်"

"ဘာလဲ မျိုးမြင့် ပြော ... "

"ဟိုတလောက အောင်ဒင်မိန်းမမီးမဖွားနိုင်လို့ဆုံးသွားတာ ရက်လည်တာသိပ်မကြာသေးဘူးလေ ... "

"ဟုတ်တယ်လေ ဘာဖြစ်လဲ"

"သူများ ကလေးကိုလာခေါ်သွားတာများလား"

မျိုးမြင့်က သူထင်တာကိုပြောတော့ သူကြီးက ...

"အောင်ဒင် မိန်းမ စန်းရီကသေလို့သင်္ချိုင်းရောက်နေပြီ ဘယ်လိုလုပ်ကလေးကိုလာခေါ်လို့ရမှာလဲ"

"သူကြီးကလည်း သူသေတာအစိမ်းသေလေ သရဲတစ္ဆေဖြစ်ပြီး ကလေးကိုစွဲလန်းတဲ့စိတ်နဲ့လာခေါ်တာများလားမှမသိတာ"

"မဖြစ်နိုင်ပါဘူးကွာ"

သူကြီးကပြောသာပြောရသည် မျိုးမြင့်ပြောတာဖြစ်လည်းဖြစ်နိုင်သည်။ ကလေးပျောက်သွားတာက အလွန်ကိုထူးဆန်းနေသည်မလား ...

စကားသံတွေ ခေတ္တတိတ်သွားစဉ် ဝင်းမြင့်ဆိုသည့်ရွာသားက ...

"ကျွန်တို့ ဟိုအိမ်မဲကြီးကိုသွားမေးကြည့်ရင်ကောင်းမလား"

"ဟာ မေးနေရုံပါဘူး သူတို့ကမကျေနပ်လို့ဗိုလ်ညာဥ့်နှုတ်လိုက်ရင် ကိုယ်ပါ အချောင်အသက်ပျောက်နေဦးမယ်"

"အမေပြောတာ ဟုတ်တယ် အိမ်မဲကြီးနဲ့မပတ်သက်တာအကောင်း ဆုံးပဲ"

"ဟုတ်တယ် ... ဟုတ်တယ်"

တစ်ယောက်တစ်ပေါက် စကားသံတွေက ဆူညံစွာထွက်လာတာကြောင့် သူကြီးက ...

"ကဲ ... တော်ကြပါတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာပဲ စဥ်းစားကြ အေးမေလည်းငိုမနေနဲ့ မနက်ရောက်ရင် တစ်ရွာလုံးအစည်းအဝေး ခေါ်ပြီး ခုကိစ္စကိုလုပ်မယ်"

"သူကြီးရယ် ကျွန်မရဲ့ သမီးလေးပြန်တွေ့မှာပါနော်"

"တွေ့မှာပါ ... ရွာထဲကတစ်ယောက်ယောက် နောက်ထားတာလည်း ဖြစ်မှာပါ စိတ်လည်းသိပ်ပူမနေနဲ့"

သူကြီးကပြောတာသာပြောရသည် ကလေးပျောက်မိခင်တစ်ယောက်ရဲ့ သောကကိုသူစာနာမိ၏။

"မင်းတို့ကိုမှာလိုက်မယ် မနက်ဆွမ်းခံကြပြီးချိန်လောက် တစ်အိမ်တစ် ယောက် ငါ့အိမ်ကိုလာကြလို့လိုက်ပြောကြ"

"ဟုတ်ကဲ့ပါ သူကြီး"

"ငမိုးနဲ့ အေးမေတို့လည်းပြန်ကြတော့ ညဥ့်ကသိပ်နက်နေပြီ"

ရွာသားတချို့ပြန်ပြီးသွားမှ မိုးကြီးနှင့်အေးမေလည်းသူကြီးအိမ်မှလေ ကျေးသောခြေလှမ်းတို့ဖြင့် ထွက်လာခဲ့တော့သည်။

❖ ✣ ❖

သူကြီးရဲ့ခြံထဲမှာတော့ ရွာကလူတွေစုံသလောက်ရှိလို့နေလေပြီ။

လူတွေစုံသလောက်ရှိမှ သူကြီးကအပေါ်ထပ်မှဆင်းလို့လာပြီး ခြံထဲ သစ်ပင်ရိပ်အောက်မှာထိုင်နေကြသည့် ရွာသူရွာသားများရှေ့၌မတ်တပ်ရပ်ကာ

"ညက ငမိုးနဲ့အေးမေတို့ရဲ့ကလေး အိပ်နေရင်းပျောက်သွားတယ် ငိုသံလည်းမကြားရဘူး ရွာထဲမှာကလေးနဲ့ပတ်သက်ပြီး သတင်းရတာများရှိကြလား"

ရွာသူရွာသားတွေက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ခေါင်းခါရင်း ...

"ဘာသတင်းမှ မကြားပါဘူး"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်တာလဲ သူတို့ကလေးကိုဘယ်သူကခေါ်မှာလဲ"

"ရွာမှာထုံးစံမှမရှိတာ"

တစ်ယောက်တစ်ပေါက်အသံတို့ထွက်လို့လာကြသည်။ သူကြီးကအခြေအနေကိုကြည့်၍ ...

"ကဲ _ တော်ကြတော့ ကလေးပျောက်သွားပုံက သိပ်ကိုထူးဆန်းနေ

တယ် ကျုပ်တို့တွေသူတို့ကလေးအတွက် ဘယ်လိုလုပ်ပေးရင်ကောင်းမလဲဆိုတာ ခေါ်ပြီးတိုင်ပင်တာပါ''

ထိုအခါ ရွာသူရွာသားတွေထဲမှ ဒေါ်စိန်ဆိုသည့်မိန်းမကြီးကမတ်တတ်ရပ်၍ ...

''ကျုပ် ညကအိပ်မက်မက်တယ် အိမ်မဲကြီးကညီအစ်မငါးယောက်လက်ထဲမှာ ကလေးတစ်ယောက်စီချီထားတယ် ...

ပြီးတော့ အဲဒီကလေးတွေရဲ့လည်ကိုခံားနဲ့ဖြတ်၊ ထွက်လာတဲ့သွေးတွေကို သူတို့ကိုယ်ကိုလိမ်းတယ်တဲ့ ...

ကြောက်ဖို့ကောင်းလိုက်တာ ပြောမနေနဲ့ သူတို့ကတော့ နုပျိုပြီးလှသထက်တောင်လှလာတယ်''

''ဟင်''

''ဟာ''

''ကြောက်စရာကြီးပါလား''

တစ်ယောက်တစ်ပေါက်အသံတို့ ပြန်ထွက်လာကြသည်။ သူကြီးက

''ဒေါ်စိန် အိပ်မက်မက်တာလား''

''ကျုပ်အိပ်မက်ကို အထင်မသေးနဲ့ သူကြီး၊ မိုးရွာတယ်လို့အိပ်မက်မက်တာနဲ့ မနက်လင်းတာနဲ့ရွာတာပဲ''

''အင်း ... ခက်တော့ခက်နေပြီ''

သူကြီးက ညီးညူလိုက်သည်။ သူကိုယ်တိုင်က အိမ်မဲကြီးနှင့်မပတ်သက်ချင် ...

ဒေါ်စိန်ထိုင်သွားတော့ မိသွယ်ကထ၍ ...

''အေးမေသမီးပါသွားတော့ နောက်လေးယောက်ကျန်သေးတယ် ကလေးအမေတွေသတိထားကြပေါ့''

''ဟုတ်တယ် ခုဟာက သွေးရိုးသားရိုးမဖြစ်နိုင်ဘူး''

''သူကြီး အိမ်မဲကြီးဆီကိုတော့ သွားမေးသင့်တယ်ထင်တယ်''

တစ်ယောက်တစ်ပေါက်ပြောကြပြန်သည်။ သူကြီးကအခြေအနေကို ကြည့်၍ ...

"ဒေါ်စိန်ပြောတာ ဟုတ်မဟုတ်ဆိုတာထက် ကိုယ့်ကလေးကိုယ်ဂရုစိုက်ကြပါ အရေးအကြောင်းဆို ရွာကိုချက်ချင်းသတိပေးကြ ဟုတ်ပြီလား"

"ကျုပ်တို့ရွာတော့ ကံဆိုးပြီနဲ့တူပါတယ် သူကြီးရယ်၊ အိမ်မဲကြီးက သရဲတစ္ဆေကိုသိပ်နိုင်တာ သရဲတစ္ဆေတွေက ကလေးတွေရဲ့လိပ်ပြာကိုခေါ်မှာကြောက်တယ်"

ရွာသားတစ်ယောက်ပြောတာကို သူကြီးက ...

"ဘာပဲဖြစ်ဖြစ် သတိနဲ့နေကြ ငမိုးတို့ကလေးအကြောင်းသတင်းရရင် ချက်ချင်းလာပြောကြပါ အားလုံးပြန်နိုင်ပါပြီ"

ရွာသားတွေလည်း သူကြီးခွင့်ပြုချက်ရတော့ပြန်သွားပေမယ့် မျက်နှာတွေကတော့ တစ်ယောက်မှကောင်းခြင်းမရှိကြပါလေ ...

နေဝင်မိုးချုပ် အချိန်နာနာသာဝမစွေ
ရွာထဲမဝင်နိုင်အောင် တီးခိုက်တဲ့အသံကြောင့်

## အခန်း (၃)
## တစ္ဆေနှင်းသံ

တစ်ရွာလုံး တိတ်ဆိတ်ကာခြောက်ကပ်လို့နေသလို နေ့လည်နေ့ခင်း ရွာလမ်းမမှာ ဆော့ကြသည့်ကလေးတစ်ချို့တောင် အခုတလောမဆော့ကြ

မိဘတွေက သရဲခေါ်သွားလိမ့်မယ် ဆိုတဲ့စကားကသူတို့နားထဲစွဲလို့နေသည်။ ပိုဆိုးတာက ရင်ခွင်ပိုက်ကလေးများအိမ်ရှင်များပင်ဖြစ်သည်။ ကလေးကို လက်ထဲကပင်မချရဲကြ ...

ညရောက်လာတာနှင့် ခြံစည်းရိုးတံခါးကိုသေချာပိတ်ကာ စောစောအိပ်ရာဝင်ကြသည်။

တစ်ရက်ညနေနေဝင်မိုးချုပ်စမှာ ...

"ဘုန်း ... ဘုန်း ... "

"ဒိုး ... ဒိုး ... ဒိုး ... "

ဝါးလုံးရိုက်သံ သံပုန်းတီးသံတို့ ဆူညံစွာထွက်လာတာကြောင့် သူကြီးက သူ့တပည့်ငလုံးအား ...

"ငလုံးရွာထဲမှာ ဒီလောက်ဆူညံနေတာ ဘာဖြစ်တာလဲကွ"

"သရဲတစ္ဆေတွေ ရွာထဲမဝင်နိုင်အောင်မောင်းထုတ်နေကြတာ"

“ဟော _ ”

[illegible]သွားသည်။ နာနာဘာဝတွေက သံပုန်းတီးသံဝါးလုံးတီးသံ

[illegible] ရွာထဲမဝင်ရဲကြတော့ဘူးလား ... ”

“ဘုန်း ... ဘုန်း ... ဘုန်း”

“ဒုံး ... ဒုံး ... ဒုံး ... ”

အသံတွေက တော်တော်နှင့်မရပ်၊ အဆက်မပြတ်ကိုထွက်လာလေရာ ကြောက်မက်ဖွယ်ပင်ကောင်းနေသည်။

သူကြီးကတော် မမြက ...

“ငလုံးနောက်နေ့တွေ သူများသံပုန်းတီးရင်နင်လိုက်တီး သရဲတစ္ဆေတွေက သူကြီးအိမ်မို့မဝင်ဘူးဆိုတာ မရှိဘူး”

မမြက သူကြီးကိုလှမ်းရှဲ့လိုက်ရာ သူကြီးက ...

“မင်းကွာ အဓိပ္ပါယ်မရှိတာ”

“ဘာအဓိပ္ပါယ်မရှိတာလဲ ရွာထဲကအိမ်တိုင်းလိုလို တမာကိုင်းတွေ အိမ်တိုင်းမှာချိတ်ထားကြတယ် ...

ရှင့်ကိုချိတ်ထားပါဆိုတော့ သူကြီးဖြစ်ပြီးချိတ်ထားရင် သိက္ခာကျတယ်ရဲ့ သရဲတစ္ဆေဆိုတာ သူကြီးကိုလည်းကြောက်မယ်မထင်ပါဘူး”

“မင်းက အဲဒါပဲ တစ်ခုခုဆိုကြောက်ဖို့ပဲစဉ်းစားနေတာ အဲလိုမဖြစ်အောင်ဘာလုပ်ရမလဲမတွေးတော့ဘူးလား”

သူကြီးကပြောတော့ မမြက မဲ့လိုက်သည်။

ထိုစဉ် ...

သူကြီးခြံထဲသို့ ရွာမုကာလသားပေါက်ကြီးနှင့်ဖိုးချိတ်တို့ဝင်ရောက်လို့လာသည်။

“ဘာကိစ္စလဲဟေ့”

သူကြီးကလှမ်းမေးရာ ပေါက်ကြီးက ...

“သူကြီးကိုပြောစရာရှိလို့”

"ဟော ... ဘာပြောမှာလဲ"

ပေါက်ကြီးနှင့်ဖိုးချိုတို့က သူကြီးအိမ်အောက်ထပ်ရှိတန်လျားထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း

"ညက ကလေးလာခေါ်တဲ့ တစ္ဆေကိုကျုပ်တို့တွေ့ခဲ့တယ်"

"ဟင် ... အဟုတ်လား"

"ဟုတ်တယ် သူကြီး တစ်ကိုယ်လုံးမဲနက်နေတာပဲ ကျုပ်တို့ကိုမြင်တော့ ကျုပ်တို့နောက်ကလိုက်တာနဲ့ ထွက်ပြေးရတာ အမောတောင်ဖိုတယ်"

ပေါက်ကြီးကမျက်နှာငယ်လေးနှင့်ပြောတော့ သူကြီးကစဉ်းစားရကျပ်နေသည်။

ပေါက်ကြီးနှင့် ဖိုးချိုတို့က ရွာမှာဆိုးဆိုးပေပေနေလာသူတွေဘာကိုမှ ကြောက်သည်ဟူ၍ရှိတာမဟုတ် အရက်လည်းသောက်တာမှ မနက်လင်းတာနှင့်မူးနေပြီ ...

"မင်း အရက်မူးနေလို့များလား ပေါက်ကြီးရယ်"

"ကျွန်တော်တို့တယ်သောက်သောက်လဲ သူကြီးသိပါတယ်၊ ဒါပေမယ့် အမြင်မှားအထင်မှားလောက်အောင်တော့ မူးတယ်ဆိုတာမရှိပါဘူး"

"နေပါဦး မင်းတို့တွေ့တဲ့ အိမ်ရှေ့က ... "

"သာနိုးတို့ အိမ်ရှေ့ ... "

"ဟင် ... "

"သာနိုး မိန်းမမွေးထားတဲ့ကလေးက ဘာရှိသေးတာမှတ်လို့ နှစ်လသား သုံးလသားလောက်ပဲရှိသေးတာ"

"ဟုတ်ပြီလေ ... မင်းတို့တွေ့ခဲ့တာကို အစအဆုံးပြောပြ"

"ဟုတ်ကဲ့ သူကြီး ... ဒီလို ... "

ပေါက်ကြီးက သူကြီးအား သူကြုံတွေ့ခဲ့တာကိုပြောပြလေတော့သည်။

"ဖိုးချိုရေ … တို့ရွာကအခုတော့ တိတ်ဆိတ်နေပါလားကွ"

ပေါက်ကြီးနှင့်ဖိုးချိုတို့ ရွာပြင် ဖိုးကြည်တဲမှာချက်အရက်ကိုအမူးသောက်လာပြီး ရွာထဲဝင်တော့ ညဉ့်နက်လို့နေလေပြီ …

"ညဉ့်နက်တော့ အိပ်နေကြပြီပေါ့ကွာ … "

"ညဉ့်နက်လို့မဟုတ်ဘူးကွ ကြောက်လို့အိပ်နေကြတာ"

"ဘာကြောက်လာတဲ ကလေးခိုးတဲ့သရဲကိုလား"

ဖိုးချိုက မျက်လုံးမဖွင့်နိုင်နှစ်ယောက်သားတွဲလျက်မေးလိုက်၏။

"ဟုတ်တယ်တဲ့ကွာ … အလကားလူတွေကြောက်စရာမရှိ ကြဖန်ကြောက်နေကြတာ"

'ကြောက်တာက သူတို့အလုပ်,သောက်တာကတို့အလုပ်ဟုတ်တယ်မလား"

ဖိုးချိုက အာလေးလျှာလေးနှင့်ပြောတော့ ပေါက်ကြီးက …

"ဟုတ်တာပေါ့ ဖိုးချိုရာ … ရွာကလူတွေကအကြောက်ကြီးနေတော့ တို့မူးတာတောင် ကဲ့ရဲ့လို့မရတော့ဘူး"

"အေး … "

နှစ်ယောက်သားလျှောက်လာရင်း မလှမ်းမကမ်းမှအရိပ်မည်းကြီး

ကြောင့် ခြေလှမ်းတုန့်ခနဲရပ်သွားမိသည်။

"ဖိုးချို ဟိုမှာကြည့်စမ်း"

"ဟင် ... ဘာလဲ ပေါက်ကြီး"

ဖိုးချို မျက်လုံးကိုမနည်းအားယူဖွင့်လိုက်ပြီး ကြည့်လိုက်သောအခါ

"ဟာ ... ဘာ ... ဘာကြီးလဲ"

"သာနိုးတို့အိမ်ကိုကြည့်နေတာ ဘယ်သူလဲမသိဘူး"

"လူ ... လူတော့မဖြစ်နိုင်ဘူး သူ့ဘေးနားမှာ ဘာ ... ဘာကောင် လဲ"

ပေါက်ကြီးက ဖိုးချိုပြောရာကိုကြည့်လိုက်ရာ ...

"ဟာ ... ခွေးနက်ကြီးကွ ... "

"အေး ... ဟုတ်တယ် ပေါက်ကြီး"

"ငါတို့ကို မမြင်လောက်ပါဘူးနော် အသာငြိမ်နေ ဖိုးချို"

"ငါကြောက်တယ် ... "

သူတို့ရပ်နေသည့် နေရာနှင့်အနည်းငယ်လှမ်းတာကြောင့် သူတို့ကိုမမြင် နိုင်ဟုထင်ထားသည်။

"ဟင်"

ခွေးနက်ကြီးက သူတို့ရှိရာဘက်သို့လှည့်လိုက်ရာ နီရဲနေသောမျက်လုံး ကြောင့် လန့်လို့သွား၏။

"ဟို ... ဟို ... ခွေးကြီးငါတို့ကိုတွေ့သွားပြီ ပေါက်ကြီး"

"အေး"

ပေါက်ကြီးနှင့်ဖိုးချိုလည်း မူးတာတွေဘယ်ရောက်သွားသည်မသိကြက် သိန်းများထလို့လာသည်။

ခွေးနက်ကြီးက ...

"အု ... ဝူး ... "

"ဟင်"

"ဟာ"

ရုတ်တရက် ရူးရူးဝါးဝါးအူလိုက်ရာ အရိပ်မည်းကြီးကသူတို့ဘက်လှည့်လာသည်။

"ဖိုးချိုလာ ပြေးမယ်"

"အေး ... "

သူတို့နှစ်ယောက်နောက်လှည့်ကာ သုတ်ခြေတင်ပြေး၍လာတော့ ရွာထဲကခွေးတွေ ဟောင်ရမည့်အစား အူနေတာတစ်ရွာလုံးကိုဆူညံလို့နေသည်။

"အု ... ဝူး ... "

"အု ... ဝူး ... "

ဖိုးကြည်တဲကိုပြန်ရောက်တော့ စကားမပြောနိုင်ပင် ဝါးကြမ်းပေါ် မှောက်ကျသွားတော့သည်။

❖ ✣ ❖

"အဲဒါပဲ သူကြီး ကျွန်တော်တို့နောက်လှည့်ကြည့်တာ ရွာထိပ်မှာပဲကျန်ခဲ့တယ်"

ပေါက်ကြီးပြောတာကို သူကြီးကစိတ်ဝင်တစားနားထောင်ရင်း ...

"မင်းတို့ပြောပုံအရ မင်းတို့ကိုတွေ့လို့ သာနှီးကလေးကိုမခေါ်သွားတာနေမယ်"

"ဟုတ်မယ်ထင်တာပဲ သူကြီးရယ် ... ဘယ်လိုဖြစ်ဖြစ် ရွာအတွက်တော့မကောင်းဘူးထင်တယ်"

"အေး ငါလည်း လူဆိုးသူခိုးဆိုရှင်းလိုက်တာကြာပြီ နာနာဘာဝတွေဆိုတော့ ဘယ်လိုမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေတာ"

သူကြီးက စိတ်ပျက်စွာ ပေါက်ကြီးအားပြောလိုက်၏။

"ဒီလိုလုပ်ပါလား သူကြီး မိုးကနဲ့ရွာမှာ ဆရာတစ်ယောက်ရှိတယ် သိပ်စွမ်းတယ်လို့ပြောကြတယ် သူကိုပင့်ပြီးတားရင်ဖြစ်မလား"

"ဟုတ်ပါ့မလား ... ပေါက်ကြီးရယ် အခြေအနေက အခုထက်ပိုဆိုးလာရင် ဘယ်လိုလုပ်မလဲ"

သူကြီးပြောတာကို ဖိုးချို့ကဝင်၍ ...

"အခုလိုထက်ပိုက်ကြည့်နေတာထက်စာရင် အခြေအနေထူးလာမှာပေါ့ သူကြီးရဲ့ မြို့ကလူတွေတောင် တကူးတကလာကြတယ်လို့ ပြောကြတယ်"

"အင်း ရှာနဲ့တိုင်ပင်လိုက်ဦးမယ်"

"မြန်မြန်တိုင်ပင် သူကြီး၊ နောက်ထပ်ကလေးတွေထပ်ပါသွားရင် သူကြီးသိက္ခာကျမယ်"

"အေးပါကွာ ... အေးပါ"

"ပြန်ဦးမယ် ... သူကြီး၊ ဆရာပင့်ဖို့ ကျွန်တော့်တာဝန်ထား"

"အေး"

ပေါက်ကြီးနှင့် ဖိုးချိုပြန်သွားတော့ သူကြီးလည်းလေးနက်စွာတွေးမိသည်။

ဒီအတိုင်းနေတာထက် ဆရာကရွာအတွက်တစ်ခုခုလုပ်ပေးနိုင်မည်ဆိုလျှင် ...

✥ ✥ ✥

မျက်ဖြူကြီးလှန်၍ ငြိမ်သက်နေသော
အလောင်းကောင်ကြီးအား . . .

## အခန်း (၄)
## တမလွန်သို့

ဦးကျော်တင့်တစ်ယောက် ဖိုးကာလေရွာရှိဆန်စက်သို့စပါးကြိတ်ရန် စပါးများသွားပို့ပြီး လှည်းနှင့်ရွာသို့ပြန်လာစဉ် လမ်း၌ကြီးမားသောလွယ်အိတ်ကြီးကိုလွယ်လျက် လှည်းလမ်းအတိုင်းလမ်းလျှောက်ပြန်လာသည့် ဦးအဂ္ဂအားတွေ့လိုက်သည်။

သူလှည်းသံကိုကြား၍ထင်သည် ဦးအဂ္ဂကလမ်းဘေးသို့ရှောင်ပေးသည်။

ဦးကျော်တင့်က နဂိုတည်းက ဦးအဂ္ဂနှင့်အခေါ်အပြောရှိသည့် လူဖြစ်တာကြောင့် ...

"ဦးအဂ္ဂဘယ်ကပြန်လာတာလဲ ရွာပြန်မလို့မလား လှည်းပေါ်တက်ဗျာ"

"နေပါစေ ... ဦးကျော်တင့် ကျုပ်လမ်းလျှောက်ပြန်ပါ့မယ်"

ဦးအဂ္ဂက ပြုံးရယ်စွာငြင်းလိုက်သည်။

"မဟုတ်တာပဲဗျာ ... ရွာရောက်ဖို့နှစ်မိုင်လောက်လိုသေးတယ် လာပါဗျာ၊ ကျုပ်ကသိုလ်ယူချင်လို့ပါ"

"အားနာလို့ပါဗျာ"

"အားမနာပါနဲ့ တက်သာတက် ဦးအဂ္ဂနဲ့စကားပြောရတာ ကျုပ်အတွက်

အဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတတွေရတယ်ဗျ''

ဦးကျော်တင့်က လှိုက်လှိုက်လှဲလှဲခေါ်တာကြောင့် ဦးအဂ္ဂလည်း မငြင်းသာတော့ဘဲ လှည်းပေါ်တက်လိုက်သည်။

''ဦးကျော်တင့် ကြည့်ရတာ ကျန်းမာရေးမကောင်းသလိုပဲ စကားပြော တာမောနေတယ်ထင်တယ်''

''ဟုတ်တယ် ဦးအဂ္ဂရယ် ကျုပ်ခဏခဏဖျားတယ်ဗျ ငှက်ဖျားအခံ လည်းရှိတော့ ပိုဆိုးတာပေါ့ဟိုတုန်းကတောလိုက်တဲ့ ဒဏ်တွေထင်ပါရဲ့''

ဦးအဂ္ဂကခေါင်းတညိတ်ညိတ်လုပ်ရင်း ...

''အချိန်ယူပြီး သေသေချာချာကုရင်ပျောက်ပါတယ် ဦးကျော်တင့်၊ အသားအရေကလည်းသိပ်မမှန်ဘူး အနားယူဖို့ကောင်းပြီ ... ''

ဦးကျော်တင့်ကလှည်းကို မောင်းရင်းနှင့် ...

''ကျုပ်မှာ သမီးလေးတစ်ယောက်ရှိတယ် အရွယ်ကလည်းရောက်နေ ပြီ အိမ်ထောင်မကျသေးတော့ သူ့တာဝန်ကိုကျုပ်ကယူနေရတုန်းဗျ''

''ဦးကျော်တင့် တာဝန်ယူတာလည်းယူပေါ့ ကျန်းမာရေးလည်းဂရုစိုက် တစ်ခုခုဆိုကျုပ်ကိုအကြောင်းကြားခိုင်းလိုက်''

''ဗျာ ... ''

ဦးကျော်တင့် အနည်းငယ်လန့်သွားသည်။ ဦးအဂ္ဂကအိမ်မဲကြီးမှ လူ တစ်ဦးဖြစ်တာလည်းပါ၏။

ဦးအဂ္ဂကပြုံး၍ ...

''ကျုပ်က လူနာကိုကောင်းကောင်းကုတတ်ပါတယ်''

''ဟင် ... ဦးအဂ္ဂဆေးပညာတတ်တာပေါ့''

''ကျုပ်တတ်တာ မသေအောင်ပဲကုတတ်တာ ဒီထက်ပိုတဲ့ပညာရပ်ကို ကျုပ်တို့အိမ်ကလူတွေ အကုန်တတ်တယ်''

''ဟင် ... ဟုတ်လား''

ဦးကျော်တင့် အံ့ဩသွားသည်။

"ရွာထဲကလူတွေ ခင်ဗျားတို့ကိုတလွဲထင်နေတာဗျ ... "

"ထင်ချင်သလို ထင်ပါစေလေ ထင်တာလည်းသူတို့အလုပ်ပဲ ကျုပ်တို့က ကျုပ်တို့အလုပ်ကျုပ်တို့လုပ်နေတာပဲ"

"ဦးအဂ္ဂတို့အလုပ်က ... "

"ပြောခွင့်မရှိတာ ခွင့်လွှတ်ပါ ဦးကျော်တင့်"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့"

နှစ်ယောက်သား စကားစကပြတ်သွားပြီး အတွေးကိုယ်စီနှင့်လှည်းကိုစီးလာကြစဉ် ...

"ဟင်"

လှည်းလမ်းဘေးတွင် ယိမ်းထိုးကာသွားနေကြသည့် အမူးသမားနှစ်ယောက် ...

သေချာကြည့်လိုက်တော့ ပေါက်ကြီးနှင့်ဖိုးချို ...

သူတို့နှစ်ယောက်ကလည်း ဦးကျော်တင့်နှင့်ဦးအဂ္ဂတို့လှည်းအတူစီးသွားတာကို မြင်လိုက်ကြသည်။

"ဦးကျော်တင့် ... "

"ဗျာ ... ဦးအဂ္ဂ ... "

"အဲဒီနှစ်ကောင် ခင်ဗျားကိုဒုက္ခပေးလိမ့်မယ်"

"ဘာ ... ဘာဖြစ်လို့လဲ"

ဦးအဂ္ဂကမဖြေပါ။ နှုတ်ဆိတ်စွာလိုက်ပါလာရင်း ရွာထိပ်ရောက်တော့ ဦးကျော်တင့်ကိုနှုတ်ဆက်ကာဆင်းသွားတော့သည်။

❖ ❖ ❖

"အဖေရယ် _ ကျန်းမာရေးမကောင်းရတဲ့အထဲ စပါးအိတ်တွေမထမ်းပါနဲ့လို့ပြောတာမရဘူး _ ခုတော့ ကိုယ်တွေလက်တွေ ကိုက်ပြီးအဖျားတက်နေပြီမလား"

မြခွာညိုက ဖခင်ဖြစ်သူကိုဂရုဏာဖြင့်အပြစ်တင်ရင်းကိုယ်တွေလက်တွေကိုနှိပ်နယ်ပေးလို့နေသည်။

သူတို့မှာ သားအဖနှစ်ယောက်ထဲရှိပြီး လုပ်ကိုင်စားသောက်တာအပြည့်အစုံကြီးမဟုတ်ပေမယ့် မပူမပင်တော့နေနိုင်သည်။ ဖခင်ကိုသံယောဇဉ်ကြီးတဲ့စိတ်နဲ့ အိမ်ထောင်မပြုတော့ဟုဆုံးဖြတ်ထားပေမယ့် ဖခင်ကတော့ အိမ်ထောင်ကျစေချင်သည်။

ဒါမှလည်း သူဆုံးပါးသွားတဲ့အခါ သမီးကိုစောင့်ရှောက်နိုင်မှာမဟုတ်လား။

"သမီး _ ရပါတယ်ကွယ် ငါ့သမီးလည်း အဖေ့ကိုပြုစုရတာနဲ့ပင်ပန်းလှပါတယ်"

"ဒီလိုလည်းမဟုတ်ပါဘူး အဖေ _ သမီးက အဖေ့ကိုပဲပြုစုချင်တာပါ"

"သာဓုကွယ် ... သာဓု ... သာဓု"

---

ရွှင်အောင်စာပေ

မြခ္ခာညိုက ခေင်ကိုပြုစုရတာကိုပင်ပန်းသည်ဟုမထင် ဖခင်သက်သာချင် သူစိတ်ချမ်းသာသည်လေ ...

အခုတစ်ခေါက် သူ့အဖေဖျားတာရက်ကကြာလာသည်။ တစ်ခါတစ်ရံ အဖျားတက်တာက ကြောက်စရာကောင်းလောက်အောင်စိုးရိမ်ရသည်။

တစ်ညမှာ ...

"ဟင်း ... ဟင်း ... ချမ်းလိုက်တာသမီးရယ် ချမ်းလိုက်တာ"

"အဖေ _ ဟာ ကိုယ်တွေလည်းခြစ်ဖြစ်တောက်ပူနေပါလား"

မြခ္ခာညိုလွန်စွာ စိုးရိမ်လို့သွားသည်။

"ဟင်း ... ဟင်း ... "

"ခဏလေးအဖေ ခြေရင်းအိမ်က အဘာစိုးကိုသွားခေါ်လိုက်ဦးမယ်"

"ဟင်း ... ဟင်း"

မြခ္ခာညိုက ခြေရင်းခြံသို့ပြေးထွက်လာပြီး ခြံရှေ့မှ ...

"အဘာစိုးရေ ... အဘာစိုး ... "

"ဟေ _ ဘယ်သူလဲ"

"သမီးပါ _ မြခ္ခာညို အဖေအဖျားတွေတအားတက်နေလို့ လာခဲ့ပါဦး အဘာစိုးရယ်"

"အေး ... အေး ... လာမယ်"

မြခ္ခာညိုက ခြံရှေ့မှထွက်မည်အပြု ...

"ဟင် ... "

အမူးသမားပေါက်ကြီးနှင့် ဖိုးချိုတို့နှစ်ယောက်ကိုတွေ့လိုက်သည်။

"ဟဲ့ ... မြခ္ခာညို နင့်အဖေဘာဖြစ်လို့လဲ"

"အဖျားတွေတက်နေလို့ဟာ _ "

"ဦးလေးကျော်တင့်က ငှက်ဖျားရှိတယ်မလား၊ ဖိုးချိုလာတို့တွေလိုက်ကြည့်ရအောင်"

မြခ္ခာညို နောက်သို့ ပေါက်ကြီးနှင့် ဖိုးချိုတို့လိုက်လာကြရင်း အိမ်ပေါ်

ရောက်တော့ ဦးကျော်တင့်ကိုတွေ့လိုက်သောအခါ ...

"ဟာ ... "

"ဆုံးပြီနဲ့တူတယ် ... "

မျက်ဖြူကြီးလှန်ကာ ငြိမ်သက်နေသော ဦးကျော်တင့်ကိုမြင်၍လန့်သွားသည်။

မြခွာညိုက စိုးရိမ်သွားပြီး ...

"အဖေ ... "

ဘေးကလှုပ်ခေါ်သော်လည်းမရ ဦးကျော်တင့်ကငြိမ်သက်လို့သွားသည်။

အဘစိုးရောက်လာတော့ မြခွာညိုက ...

"အဘစိုး အဖေ့ကိုကြည့်ပါဦး ခေါ်လို့မရတော့ဘူး"

"နေပါဦး ဟာ ငါကြည့်ပါဦးမယ်"

အဘစိုးက လက်တွေခြေတွေစမ်းရင်းခေါ်သော်လည်း ဦးကျော်တင့်က မလှုပ်တော့ ...

"ဆုံးပါပြီ အဘစိုးရာ ကျုပ်သူကြီးသွားပြောလိုက်မယ်"

ပေါက်ကြီးက ဖိုးချိုကိုခေါ်၍ အိမ်ပေါ်မှဆင်းသွားတော့ မြခွာညိုရဲ့ ရှိုက်ငိုသံက ကြေကွဲဖွယ်ရာထွက်ပေါ်လို့လာတော့သည်။

❖ ❖ ❖

ချွေးအူသံသုံးကြိမ်ထွက်လာပြီး
အဓလောင်းကောင်ကြီးထလာကာ.. . .

## အခန်း (၅)
## ထူးဆန်းသောခွေးအူသံ

"ဟင့် ... ဟင့်"

"မငိုပါနဲ့တော့ မြခွာညို့ရယ် အကိုကျော်တင့်လည်း တူမကိုဘယ်ခွဲချင်ပါ့မလဲ"

ရှိုက်ငိုနေသော မြခွာညိုကိုရွာထဲကမိန်းမကြီးများကနှစ်သိမ့်လို့နေကြသည်။

"အဖေသေတာကို သမီးမယုံဘူး ခွေးလေးတို့ရယ်၊ အဖေအသက်ထွက်ချိန်မှာ သမီးအနားမှာမရှိဘူး"

"ဟင် ... ဘယ်သူ အကိုကျော်တင့်နားမှာရှိလဲ တူမ"

"ဘယ်သူမှမရှိပါဘူး ခွေးလေး သမီးကအဘစိုးကိုပြေးခေါ်နေတာ"

ဒေါ်ငွေက သူ့ရင်ဘတ်ကိုလက်နှစ်ဘက်နှင့်ဖိ၍ ...

"ဘုရား ... ဘုရား ငါထင်သလိုဖြစ်မလာပါစေနဲ့"

ပြောရာ မြခွာညိုက ...

"ခွေးလေး ဘာတွေထင်လို့လဲ"

"ဘာမှမဟုတ်ပါဘူး တူမ ဘာမှမဟုတ်ပါဘူး"

ဒေါ်ငွေက စကားကိုလျှောချလိုက်သည်။

ရွာရဲ့ထုံးစံအတိုင်း အကြောင်းကြီးငယ်ရှိလာတော့ ညဉ့်နက်သန်းခေါင်ဖြစ်စေကာမူ အပြေးရောက်လာကြသည်။

သူကြီးရောက်လာပြီး ...

"မြခွာညိုရေ ညည်းအဖေအလောင်းကို ပြင်စရာရှိတာပြင်ရအောင်"

"ဟင့် ... ဟင့် ... "

မြခွာညိုလည်း မျက်ရည်တွေသုတ်ရင်း ခေါင်းကိုညိတ်ပြလိုက်၏။ ထိုစဉ် မြခွာညိုတို့ခြံရှေ့မှ ...

"သူကြီးရေ ... သူကြီး"

"ဟေ ... ဘယ်သူလဲကွ "

"ကျုပ်ပါ ... သာနိုး ... "

သာနိုးက မြခွာညိုတို့ခြံထဲဝင်လာကာ အိမ်အောက်မှနေ၍ သူကြီးအား

"ကျုပ်သားလေးပျောက်သွားလို့ သူကြီးရေ"

"ဟေ ... "

"အိပ်နေတုန်းပျောက်သွားတာ ကလေးကကျန်းမာရေးကောင်းတာမဟုတ်ဘူး သူကြီးခဏခဏ တက်နေတာ"

သာနိုးကလှမ်းပြောတော့ သူကြီးခေါင်းခဲသွားပြန်သည်။ ပထမတစ်ခါမိုးကြီးတို့ရဲ့ကလေး ...

ကလေးနှစ်ယောက်လုံးက တက်တက်သည့်ရောဂါရှိကြသည်။

"လာကြကွာ သာနိုးနောက်လိုက်သွားကြမယ်"

"ဟုတ်ကဲ့ သူကြီး"

"ပေါက်ကြီးနဲ့ ဖိုးချိုတော့နေခဲ့ မင်းတို့ကမူးနေတော့ ဘာမှအသုံးဝင်မှာမဟုတ်ဘူး"

"အင်းပါ ... သူကြီးရဲ့"

သူကြီးလည်း သာနိုးနောက်ကိုလိုက်သွားပြီးမကြာမီ မြခွာညိုရဲ့အိမ်

မှာ လူကသိပ်မကျန်တော့ ...

ညဥ့်ကလည်းနက်သည်ထက် နက်လို့လာလေရာ ပေါက်ကြီးနှင့်ဖိုးချိုတို့က ဦးကျော်တင့်အဆောင်းဘေးမှာ အရက်ပုလင်းထောင်သောက်ကာ လက်ကျန်ကုန်အောင်မနည်းအားယူသောက်နေရ၏။

"အု ... ဝူး ... "

"ဟင်"

"ဟာ ... "

လွန်စွာကျယ်လောင်စူးရှသော ခွေးတစ်ကောင်ရဲ့အသံကြောင့် ပေါက်ကြီးနှင့် ဖိုးချိုတို့စိုက်နေသောခေါင်း ထောင်လို့သွားသည်။

"ခွေး ... ခွေးအူသံ"

"ဟို ... ဟိုခွေးရဲ့ အူသံမလား"

ပေါက်ကြီးက သူတို့ကြုံခဲ့သည့်ညက ခွေးနက်ကြီးရဲ့အသံဟုထင်ကာ ဖိုးချိုကိုပြောလိုက်သည်။

"ဟုတ်တယ် ထင်တယ် ပေါက်ကြီး"

နှစ်ယောက်သားအသာထ၍ အိမ်ပြင်သို့လှမ်းကြည့်လိုက်ရာ ခြံရှေ့အမှောင်ထဲတွင် နီရဲနေသောမျက်လုံးနှစ်လုံး ...

"ပေါက်ကြီး ဟိုမှာ"

"အေး ... ဟုတ်တယ်"

တစ်ယောက်နှင့်တစ်ယောက် လေသံတိုးတိုးနှင့်ပြောရင်း အခြေအနေကိုစောင့်ကြည့်လိုက်သည်။

"အု ... ဝူး ... "

"ဟင်"

"ဟာ ... "

ဒုတိယအကြိမ် ထပ်မံ၍ အူလိုက်ပြန်သည်။

"ကြက်သီးတွေထလိုက်တာ ... "

"အေး ... "

ပေါက်ကြီးနှင့် ဖိုးချိတို့ ကြောက်စိတ်ဝင်လို့လာသည်။

"အု ... ဝူး ... "

"ဟာ"

အခုတစ်ကြိမ် အူလိုက်တဲ့အသံက အရင်နှစ်ကြိမ်အူသည့်အသံထက် ပို၍ ကျယ်လောင်စူးရှလွန်းသည်။

"မ ... မရှိတော့ဘူး"

"ဘာ ... ဘာကိုလဲ"

ပေါက်ကြီးက နောက်လှည့်ကြည့်ရင်းပြောတော့ ဖိုးချိကနားမလည်၍ မေးလိုက်သည်။

"ဦးလေးကျော်တင့် အလောင်းမရှိတော့ဘူးကွ"

"ဟင်"

အလောင်းမြင်ထားသည့်နေရာတွင် အလောင်းကမရှိတော့တာကိုတွေ့ ၍ အကြောက်လွန်သွားသည်။

"ဘယ် ... ဘယ် ရောက်သွားတာလဲ ခွာ ညို ဘယ်မှာလဲ သူကို ပြောမှဖြစ်မယ်"

"ခွာညို အပေါ်ထပ်အခန်းမှာအိပ်နေမှာပေါ့ လာ _ ဖိုးချိလိုက်ရှာ မယ်"

ပေါက်ကြီးနှင့်ဖိုးချိက ကြောက်ကြောက်နှင့်နောက်ဖေးဘက်သို့ဝင်လာ သည်။

"အုန်း"

"ဝှမ်း ... "

အိုးခွက် ပန်းကန်တို့ကျသံကြားရ၍ ကြည့်လိုက်ရာအမှောင်ထဲတွင် ငုတ်တုတ်ထိုင်နေသော မဲမဲသဏ္ဍာန်ကြီးကိုတွေ့ရသည်။

"ဟို ... ဟိုမှာ ... "

"ဦး ... ဦးလေးကျော်တင့်ကွ ... "

နှစ်ယောက်သား ရှေ့သို့တိုးကာ ကြည့်လိုက်သောအခါ ...

"အိုးထဲကို ဟင်းတွေလောင်းချပြီးစားနေတယ်"

"ဟုတ်တယ်"

"ဖုတ်ဝင်သွားပြီနဲ့တူတယ်ကွ"

ထမင်းအိုးထဲမှထမင်းနှင့်ဟင်းကို အမှောင်ထဲတွင်အားပါးတရစားနေသော ဦးကျော်တင့်ကိုကြည့်ကာ ပေါက်ကြီးနှင့်နီကြီးတို့ကြောက်လွန်း၍ အိမ်ပေါ်မှပြေးဆင်းကာလာခဲ့တော့သည်။

❖ ❖ ❖

## ကြောင်နက်ကြီးက
## အလောင်းပေါ်ကျော်တက်လိုက်သောအခါ . . .

## အခန်း (၆)
## ဝိဉာဉ်ကြောင်နက်

"ဟုတ် … ဟုတ်တယ် သူကြီးကျွန်တော်မညာပါဘူး တကယ်ပြောတာ"

ပေါက်ကြီးကအသံတုန်တုန်ဖြင့်ရှင်းပြသလို မျက်နှာမှာလည်းချွေးသီးချွေးပေါက်တို့ကျနေတာကို သူကြီးကကြည့်ပြီး …

"ပြဿနာက တစ်ခုမပြီးသေးဘူး တစ်ခုကတက်ပြန်ပြီ စိတ်ညစ်ပါတယ်ကွာ တို့ရွာလည်း ဘယ်လိုဖြစ်နေလည်းမသိဘူး"

"ဦးလေးကျော်တင့်က ဖုတ်ဝင်တာဗျ သူအစားမစားနိုင်တာကြာပြီ အခုမှထစားတာ၊ ခွေးနက်ကြီးမအူခင်ထိ ဘာမှဖြစ်တာမဟုတ်ဘူး အူပြီးမှ အဲလိုဖြစ်သွားတာ"

သူကြီးလည်း စဉ်းစားရကျပ်နေသည်။ သာနိုးကလည်း သူကလေးပျောက်လို့ဒေါသတွေထွက် သူ့မိန်းမကတငိုငို …

ဒေါ်စိန်အိပ်မက်မက်နေတာ မှန်နေလားမသိ ကလေးငါးယောက်ပြည့်အောင်ခေါ်မည်ဆို၏။

သူကြီးက အခြေအနေကိုသုံးသပ်ပြီး …

"ကဲ … သာနီး လောလောဆည်တော့ ဘာမှမတတ်နိုင်သေးဘူး။ ရွာမှာကလေးနိုးလောက်တဲ့လူလည်းမရှိသလို တခြားရွာကလူတွေလည်း လာခိုးမှာမဟုတ်ဘူး …

ငါလည်း လက်လှမ်းမှီသလောက်စုံစမ်းမယ်လာကြ … နာရေးအိမ်သွားမယ် ဒီကောင်နှစ်ကောင်ပြောတာ ဟုတ်မဟုတ်သွားကြည့်မယ်"

သူကြီးကထွက်သွားတော့ ရွာသားများကလည်း နောက်ကလိုက်လာကြသည်။

ပေါက်ကြီးနှင့် ဖိုးချိုတို့နှစ်ယောက်က သူကြီးဘေးကကပ်လျှောက်လာပြီး …

"သူကြီးကိုကျုပ်တို့ပြောတယ် ဆရာပင့်ပါလို့ ဆရာစီရင်ပေးလိုက်ရင်ဘယ်အကောင်မှရွာကို လာဝံ့မှာမဟုတ်တော့ဘူး"

"အေးပါကွာ ငါကြည့်စီစဉ်ပါ့မယ်"

မြခွာညိုတို့အိမ်ရောက်တော့ ဦးကျော်တင့်အလောင်းပြင်ထားသည့်နေရာမှာပင်ရှိနေသည်။

သူကြီးက ပေါက်ကြီးနှင့်ဖိုးချိုအားစိတ်ဆိုးသွားပြီး …

"ဟေ့ကောင်တွေ မင်းတို့နောက်စရာများမှတ်နေလား"

"ဗျာ … ကျွန် … ကျွန်တော်တို့မနောက်ပါဘူး"

ပုံစံမပျက် ဦးကျော်တင့်အလောင်းကငြိမ်သက်လို့နေဆဲ မြခွာညိုကအိမ်အပေါ်ထပ်မှဆင်းလာပြီး …

"အဖေ ဘာဖြစ်လို့လဲ သူကြီး သူတို့ကဘာတွေပြောနေတာလဲ"

"ညည်းအဖေ ထမင်းစားတယ်တဲ့"

"ဟင် … ဘယ်လို အဖေထမင်းမစားနိုင်တာ ငါးရက်ရှိပြီ ခုလည်းဆုံးရာကဘယ်လိုထစားမလဲ ရှင်တို့ကျွန်မအဖေကို ပေါက်ကရ မပြောကြပါနဲ့"

မြခွာညို ငိုသံစွတ်၍ပြောတော့ ပေါက်ကြီးက …

"ငါမဟုတ်တာပြောတာမဟုတ်ပါဘူး မြခွာညို့ရယ်၊ ဦးလေးကျော်တင့်-ထမင်းထစားတာ ငါတို့နှစ်ယောက်သေချာမြင်တာ နင်မယုံရင်ထမင်းတွေဟင်းတွေသွားကြည့်ပါလား"

"ဟုတ်တယ် မြခွာညို့ ထမင်းဟင်းတွေသွားကြည့်စမ်း မဟုတ်လို့ကတော့ ဒီနှစ်ကောင်ကို ငါကိုယ်တိုင်ဒဏ်ပေးမယ်"

သူကြီးပြောစကားကြောင့် မြခွာညိုက အိမ်နောက်ဖေးမီးဖိုချောင်သွား၍ ထမင်းဟင်းအိုးတို့ကိုကြည့်လိုက်သည်။

"ဟင် ... "

ဆန်လေးလုံးချက်ပြောင်နေသည်။ နေ့က ဘုန်းကြီးကျောင်းဆွမ်းချိုင့်ပို့ရန်ချက်ထားသည့် အမဲသားတစ်အိုးလုံးလည်းအဆီတောင်မကျန်တော့-

"ဘယ် ... ဘယ်လိုဖြစ်တာလဲ"

မြခွာညို့ သူ့မျက်လုံးကိုတောင် သူမယုံနိုင် စိတ်ပျက်စွာနှင့်အိမ်ရှေ့သို့ထွက်လာ၏။

"ဘယ်လိုလဲ မြခွာညို့"

" ... "

မြခွာညို့က မျက်ရည်တွေကျ၍ ခေါင်းခါလိုက်သည်။ ထိုအချိန်တွင်

"ညှောင် ... "

"ဟင်"

ဗိုရှိပေါ်တွင် တစ်ကိုယ်လုံးနက်မှောင်နေသည့် ကြောင်နက်ကြီးတစ်ကောင်အော်လို့နေသည်။

"ဟဲ့ ကြောင်သွားစမ်း"

"ဘုတ် ... "

ရွာသားတစ်ယောက်ကမောင်းလိုက်ရာ ကြောင်ကြီးကအောက်သို့ ခုန်ချသဖြင့် ဦးကျော်တင့်အလောင်းဘေးရောက်လို့လာ၏။

"ဟာ ... ကြောင်ကိုအလောင်းမကျော်စေနဲ့မောင်း"

"တဲ့ _ သွား _"

"ညောင် _ "

သို့သော် ...

ကြောင်နက်ကြီးက အလောင်းကိုကျော်ကာအိမ်အပြင်သို့ခုန်ချလျက် အမှောင်ထဲ တိုးဝင်ကာပျောက်သွားသည်။

"ဟင်း ... ဟင်း"

"ဟင်"

"ဟာ"

ဦးကျော်တင့်မှာ မျက်လုံးမှိတ်လျက်နှင့်ထ၍ ထိုင်ပြီးပါးစပ်ကလည်း ညည်းနေ၏။

ရွာသားတွေက ကြောက်လွန်း၍ကြက်သေသေနေကြရာ မြခွာညိုက

"အဖေ ... "

"ဟဲ့ ... ငါ့ကိုထူစမ်း"

ဦးကျော်တင့်ကပြောရာ မြခွာညိုကထူမည်အပြုအဘစိုးက ...

"မြခွာညို သူ့ကိုမကိုင်နဲ့"

"အဘစိုး အဖေမသေဘူးလေ ... အဖေ့ကို သမီးပြုစုရမယ် မလား"

"ဟဲ့ ... အဲဒါ နင့်အဖေမဟုတ် တခြားအကောင်ဝင်နေတာ"

မြခွာညို ဘာလုပ်ရမှန်းမသိ ဦးကျော်တင့်ကခေါင်းကိုရမ်းလျက်ညည်း သံကြီးပေးနေသည်။

အဘစိုးက အခန်းထောင့်ကတောင်ဝှေးကိုယူ၍ ဦးကျော်တင့်ရင်ဘတ် ကို တွန်းလိုက်ရာ ပက်လက်လှန်လဲလို့သွားသည်။

"ငါ့ကို ဘာလို့လုပ်တာလဲ"

အသံကလည်း မူရင်းဦးကျော်တင့်အသံမဟုတ် ...

အသံညြညြကြီး ...

"မြခွာညို ပရိတ်ရေပေးစမ်း"

အဘစိုးစကားကြောင့် မြခွာညိုကအပေါ်ထပ်ဘုရားစင်မှ ပရိတ်ရေအိုးကိုသွားယူကာပေးလိုက်၏။

အဘစိုးက ခွက်ထဲသို့ ပရိတ်ရေကိုထည့်၍ ...

"မြတ်စွာဘုရားအရှင်ဘုန်းတော် ဆရာတော်ဘုရားကြီး၏မေတ္တာရေစင် အစွမ်းထက်လှတဲ့ ပရိတ်ရေရှင့်ထိပါက နာနာဘာဝတွေထွက်သွားစေ ..."

ဆိုပြီး ဦးကျော်တင့် ကိုယ်ပေါ်ပက်ဖျန်းလိုက်သောအခါ ...

"အား ... ပူ ... ပူတယ် ... ပူတယ်"

ရင်ဘတ်ကိုဖိလျက် လူးလိမ့်လို့နေ၏။

"မလုပ်ပါနဲ့ ငါမခံနိုင်လို့ပါ ... ပူလွန်းလို့ပါ ... အား ... ငါ့ကို သနားပါ"

အဘစိုးကလည်း ပါးစပ်ကဂုဏ်တော်ရွတ်ဆိုကာ ရွတ်ကာပရိတ်ရေကို ခေါင်းကိုဖျန်းပြန်သည်။

"အား ... ငါ့ခေါင်းတွေကွဲပါပြီ မလုပ်ပါနဲ့"

"အဖေ့ကိုမလုပ်ကြပါနဲ့ အဖေအဲလိုဖြစ်နေတာ ကျွန်မ မကြည့်ရက်ဘူး"

မြခွာညိုက ငိုယိုကာပြောတော့ အဘစိုးကပရိတ်ရေကိုဖျန်းတာလည်း နေရာနှံ့သွားတာကြောင့်ရပ်လိုက်သည်။

"ပူ ... ပူ ... တယ် ... အား ... ငါမခံနိုင်ဘူး၊ ခေါင်းတွေလည်း ကွဲတော့မယ်"

ဦးကျော်တင့်က အော်ဟစ်ရင်းခဏကြာတော့ ငြိမ်သက်လို့သွားတော့သည်။

"ဖတ်ဝင်တာ မနက်ကျမှဆရာခေါ်ထုတ်မယ်၊ မြခွာညို နင်နေရဲရဲ့ လား"

"အဖေ ဘယ်လိုပဲဖြစ်ဖြစ်နေရဲပါတယ်"

"အေး တို့ပြန်မယ် ဆရာနဲ့မှုရမယ်ထင်တယ်၊ ပရိတ်ရေအိုးတော့ ဘေးမှာထား အန္တရာယ်ပေးမယ်ဆိုပက်လိုက်"

သူကြီးက မှာစရာရှိတာမှာ၍ ရွာသားများနှင့်အတူအိမ်ပေါ်မှဆင်းသွားတော့သည်။

ဏ ❖ ဏ

ဖုတ်ဝင်နေသော အလောင်းအား
ထုတ်မည်ဆို၍ . . .

## အခန်း (၇)
## အစာတောင်းသူ

"ငါ့ကို အစာကျွေးပါ ... ငါဆာနေပြီ ... ",
ပါးစပ်ကတတွတ်တွတ်ပြောနေသည့် ဦးကျော်တင့်အားမြခွာညိုက–
"အဖေ ဘာစားမှာလဲ"
မေးလိုက်ရာ ဦးကျော်တင့်က မျက်လုံးပြူးကြည့်၍ ...
"အမဲသား ... "
"အမဲသားက ရွာမှာတစ်ခါတလေမှရတာလေ အဖေရဲ့"
"ရတယ် အနောက်ပိုင်းမှာ ရှိတယ်၊ ညက သူတို့ပေါ်တယ်"
မြခွာညိုကခေါင်းကိုညိတ်၍ ထရန်ပြင်စဉ် ...
"ငါ အခန်းထဲပြောင်းမယ် နေရောင်မထိချင်ဘူး"
"အဖေ ... အခန်းထဲမှာတအားမှောင်နေတယ်လေ"
"မှောင်ပါစေ ... ငါကမှောင်တာပဲကြိုက်တယ် သွား ... သွား အမဲသားရအောင်ဆွဲခဲ့"
"ဟုတ်ကဲ့"
မြခွာညိုက ခေါင်းလေးညိတ်ကာ အိမ်ပေါ်ကဆင်းလာသည်၊ သူ့အဖေ ဦးကျော်တင့်က အစားလဲမကြမ်း စကားလုံးတွေလည်းကြမ်းတာမဟုတ် ...
လွန်စွာအေးဆေးနူးညံ့သည့် ဖခင်တစ်ယောက် အခုတော့ ...

"ဟဲ့ ... မြခွာညို ငါတို့ကြားတာဟုတ်လား"

တစ်ရွာထဲနေ သူငယ်ချင်းဖြစ်သည် ချစ်ပွင့်နှင့်လမ်းမှာဆုံတော့မေးသည်။

"ဘာကိုလဲ"

"ဦးလေးကျော်တင့် ဖုတ်ဝင်လို့ဆို"

'အင် ... "

မြခွာညို ဘယ်လိုဖြေရမှန်းမသိ သေပြီးခါမှထ ထမင်းစားကြောင်နက်ကြီးက အလောင်းကိုကျော်ထတိုင်တဲ့ သူ့အကြောင်းကို သဲ့နားလည်ရခက်နေ၏။

"ဖုတ်ဝင်ရင် မြန်မြန်ထုတ်လိုက် မြခွာညို ဦးလေးကျော်တင့်အတွက် သည်းမကောင်းဘူး"

"ငါ ဘာလုပ်ရမှန်းမသိဘူး"

"အဖိုးညိုရှိတာပဲ အဖိုးညိုလုပ်တတ်ပါတယ်"

မြခွာညို မျက်လုံးထဲတွင် အဘိုးညိုရဲ့ပုံပေါ်လာသည်။ အဖိုးညိုက ဘိုးတော်လိုလို ဗေဒင်လိုလို ရွာထဲမှအကြောင်းရှိက ခေါင်းရင်းတက်ထိုင်သည့် သူမျိုး ...

"သူကြီးကတော့ပြောနေတယ် အဘိုးညိုကအနောက်ပိုင်းမှာ အဘွားလေးသန်းဖုတ်ဝင်တုန်းက သူပဲထုတ်ပေးလိုက်တာလေ"

"ငါမသိဘူးဟာ သူတို့ဘာသာသူတို့ကြည့်စီစဉ်လိမ့်မယ် သွားဦးမယ် ချစ်ပွင့်"

"ဘယ်သွားမှာလဲ"

"အနောက်ပိုင်းမှာ အမဲရမယ်ဆိုလို့"

"ဟင်"

စကားဆက်ရှည်နေမည်စိုး၍ မြခွာညိုချစ်ပွင့်ရှေ့မှ ခပ်သုတ်သုတ်ထွက်လာခဲ့တော့သည်။

"ငါ့ကိုဘာလုပ်ကြမလို့လဲ"

အသံလေးလေးကြီးနှင့်ပြောလိုက်သည့် ဦးကျော်တင့်ကိုအဘိုးညိုက ပုတီးလုံးကြီးများကိုလည်းပင်းမှာဆွဲလျက် အနားသို့မရဲတရဲကပ်လာပြီး ...

"ဟဲ့ ... ဖုတ်ကောင် နင့်ကိုဒီညအပြီးထုတ်မယ်"

"ဘာ"

"ဟင်"

ကျယ်လောင်လှသည့် ဦးကျော်တင့်အသံကြောင့် အဘိုးညိုလန့်လို့သွား သည်။

"ငါ့ကိုဘာများမှတ်နေလဲ ဟင်း ဟင်း ... တစ်ရွာလုံးကိုသတ်ပစ် လိုက်မယ်နော် ခင်ဗျားအဆင့်လောက်နဲ့လာမလုပ်နဲ့"

"ဝုန်း"

ပြောလည်းပြော ထလည်းထိုင်ရာ မျက်နှာဖီးရှက်လောက်သာရှိတော့ သည်။

အခန်းထဲမှာလည်း အဘိုးညိုနှင့်ဦးကျော်တင့်နှစ်ယောက်သာရှိသ ရေနံဆီမီးအလင်းရောင်သာရှိ၏။ ကျန်လူများကတော့ အခန်းအပြင်က အခ အနေကိုစောင့်ကြည့်နေကြ၏။

"ဒါ ဒီမှာနေချင်လို့နေတာမဟုတ်ဘူး လူမပြည့်သေးလို့နေနေတာ ငါ့ကို လာလာမနှောင့်ယှက်နဲ့"

" ... "

အဘိုးညိုက ကြောက်ကြောက်နှင့်မျက်လုံးကိုမှိတ်ကာ ဂုဏ်တော်တို့ကို အဆက်မပြတ်ရွက်လို့နေ၏။

"ဘာမှလုပ်မနေနဲ့ သွားတော့ကြာရင် တုပ်ချိုးသတ်မိမယ်၊ လူပြည့်ရင် ငါက အိမ်မဲကြီးဆီသွားမှာ ထွက်သွား"

ဦးကျော်တင့်ရဲ့ လေသံကကြောက်စရာကောင်းသည်ထက်ကောင်းလာသလို အဘိုးညိုကလည်း ကြောက်လွန်းလှတာကြောင့် အခန်းပြင် ထွက်လာသည်။

အိမ်ရှေ့ခန်းမှာ အားလုံးထိုင်တော့ အဘိုးညိုက ...

"မလွယ်ဘူး သူကြီး၊ ဖုတ်ကဖုတ်ဘုရင်ကပ်နေတာ ဆရာကောင်းကောင်းနဲ့ထုတ်မှရမယ် ...

သာမန်လောက်က ကျုပ်နိုင်တယ်၊ အခုကောင်က နည်းတဲ့ကောင် မဟုတ်ဘူး"

"ခက်တယ်ဗျာ ... ဘယ်လိုလုပ်ရမှန်းကိုမသိဘူး၊ ရွာနာတယ်ဆိုတာ အဲဒါကိုပြောတာ"

သူကြီးက စိတ်ပျက်စွာပြောလိုက်သည်။

"ဒီအတိုင်းထားလို့ဘယ်ဖြစ်မလဲ ကောင်မလေးကိုလည်းမှာထားရဦးမယ်၊ သူ ဘာတောင်းတောင်းမပေးနဲ့လို့"

ပေါက်ကြီးကဝင်၍ ...

"သူကြီးခွင့်ပြုမယ်ဆိုရင် မိုးကနဲ့ရွာကိုကျုပ်တို့သွားပြီးဆရာပင့်မယ် ဆရာ့ရဲ့အစွမ်းကို ဖုတ်ဘုရင်ဖြစ်ဖြစ် ကေရာဇ်ပဲဖြစ်ဖြစ် ဘယ်ခံနိုင်မလဲ"

"ဒန်း"

"ဟာင်"

ဒေါက်ကြီးစကားကြောင့်လားတော့မသိ အခန်းထဲမှခြေစောင့်သံက ကျယ်လောင်စွာထွက်ပေါ်လို့လာသဖြင့် အိမ်ရှေ့ဝိုင်းကလူတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အိမ်ပေါ်မှဆင်းသွားလေတော့သည်။

❖ ✣ ❖

အိမ်မဲကြီးက ဝိညာဉ်ညီအစ်မတွေဆီ
သွားစာရင်းရှင်းမယ် . . .

## အခန်း (၈)
## စာရင်းရှင်းမယ်

"အု ... ဝူး ... "

ရွာထဲကခွေးတွေရဲ့ ဆွဲဆွဲငင်ငင်အူလိုက်တဲ့အသံက သက်ကြီးခေါင်း ချချိန်အလွန်မှာထွက်ပေါ်လို့လာသည်။

ရွာလယ်လမ်းမမှာ အခုလိုအချိန်မပြောနှင့် မိုးချုပ်စအချိန်တော် အဖော်မပါဘဲ ဟိုအိမ်ဒီအိမ်ကူးရဲကြတာမဟုတ်။

"အု ... ဝူး ... "

ခွေးအူသံတွေကလည်း အဆက်မပြတ် တချို့တလေက တံခါးဝမှာမ မရဲလှမ်းကြည့်တော့ အရိပ်မည်းကြီးလမ်းလျှောက်နေတာကိုတွေ့ရသည်။

"ကိုစိုး ကျုပ်တို့ကလေးတွေကို သေချာကြည့်ထားနော် ရှင်လည်းမအိ နဲ့ ကျုပ်လည်းမအိပ်ဘူး"

"အေးပါဟ"

ကိုစိုးနှင့် မိသီတို့မှာက ကလေးကသုံးယောက်တောင် အငယ်ဆုံး လေးက သုံးလသား ကျန်းမာရေးကကောင်းတာမဟုတ် ...

ခဏခဏတက်တတ်လို့ တစ်ဘက်ရွာက ဆရာဆီခဏခဏပြေးရ
သည်။

အကြီးနှစ်ယောက်က ငါးနှစ်နှင့်သုံးနှစ်အရွယ်ဆိုတော့ ပြဿနာမရှိ
ကျန်းမာရေးကလည်းဒေါင်ဒေါင်မြည်လို့နေသည်။

"ဝါး"

အရေးထဲကလေးကထငိုနေပြန်သည်။ ခွေးအူသံတွေကမရပ်သေး။

"အု … ဝူး … "

ကိုစိုးက ထရံကိုမှီ၍တိုင်ရင်း ထက်ထဲ၌ပါးစိမ်းတုတ်ကို ကိုင်ထား
သည်။

မိသီကလည်း ကလေးကိုရင်ခွင်ပိုက်ထားသည်။

ခဏကြာတော့ ခွေးအူသံကရပ်လို့သွားသည်။

"ဟူး … ခုမှပဲ စိတ်ချရတော့တယ် မိသီရေ … "

"စိတ်ချရတယ်လုပ်မနေနဲ့ သတိနဲ့အိပ် ရှင်ကအိပ်လိုက်ရင် အသေအ
တိုင်း"

"အေးပါဟ … တစ်နေကုန်သစ်ဆွဲရတာပင်ပန်းတော့ အိပ်ချင်တာ
ပေါ့မိန်းမရယ်"

မိသီက … ဘာမှမပြောတော့ ကလေးကိုဖျာပေါ်ချ၍ သိပ်လိုက်
သည်။

"ဝါး … "

ကလေးကငိုတော့ နို့ကိုပါးစပ်ဝမှာတေ့ထားပေးတော့ကလေးက အားရ
ပါးရစို့တော့သည်။

"အေး … အေး … အိပ်ပါကွယ်"

"ခေါ … ခေါ … "

ကိုစိုးကတော့ ခေါင်းချလိုက်ပြီးမကြာခင်မှာပဲ ဟောက်လို့တောင်နေလေ
ပြီ။

မိသီတ ကလေးနို့တိုက်ပြီးမကြာခင်မှာပဲ သူကိုယ်တိုင်အိပ်ချင်လာတာကို မထိန်းနိုင်တော့တဲ့ မျက်လုံးများမှေးစင်းလာပြီး မကြာခင်အိပ်ပျော်လို့သွားတော့သည်။

❖ ✣ ❖

"ဘာ … ကလေးမရှိတော့ဘူး … ဟုတ်လား မိသီ … "

"ဟုတ်တယ် … ကိုစိုးရဲ့ ဟီး … "

မိသီရဲ့ရှိုက်ကြီးတငင်ငိုသံကြောင့် ဘေးနီးနားချင်းအိမ်ကလူတွေရောက်လာကြသည်။

"ဘယ်လိုဖြစ်တာလဲ ကိုစိုး"

"ကျုပ်တို့လည်း ညကသတိနဲ့အိပ်တာပါ။ ညဉ့်နက်တော့အရမ်းအိပ်ချင်လာတာနဲ့ အိပ်လိုက်တာ မနက်နိုးတော့ကလေးမရှိတော့ဘူး"

"တို့ရွာလည်း စဉ်းစားမရဖြစ်နေပြီ သူကြီးကိုအကြောင်းသွားကြားမယ်"

"နေပါ ဖိုးထွေးရာသွားအကြောင်းကြားလည်းအပိုပဲ သူကြီးလည်းဘာမှလုပ်ပေးနိုင်တာမှမဟုတ်တာ"

ကိုစိုးက စိတ်ပျက်လက်ပျက်နှင့် ပြောတော့ လူကြီးတချို့က …

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ သူလည်းမတတ်နိုင်တော့လက်ပိုက်ကြည့်နေရတာ"

"ကျုပ် ဦးကျော်တင့်ကိုမသင်္ကာဘူး"

"ဘာလို့လဲ … ကိုစိုး"

“[illegible] ရှုတ်ခင်နေတာလေ ဖုတ်သရဲဆိုတာလူကိုဒုက္ခပေးတယ်မလား”

“[illegible]တွေပျောက်တာ ဦးကျော်တင့်ဖုတ်မဝင်ခင်ကတည်းကပါ [illegible] ဘူကြီးပဲစီစဉ်နေပါတယ်”

ကိုစိုးကတော့ လုံးဝကိုမကျေနပ် ဘယ်သူပြဿနာရှာလို့ရှာရမှန်းမသိ [illegible]ကြောင့် ဒေါသတွေသာထွက်လို့နေသည်။

“တောက်”

“စိတ်ထိန်းပါကွာ ငမိုးနဲ့သာနီးတို့နဲ့ဝိုင်းပင်ပြီးလုပ်ကြတာပေါ့”

ဖိုးထွေးက ဖျောင်းဖျောင်းဖျဖျပြောတော့ ကိုစိုးက ...

“လာကွာ ဒီကောင်နှစ်ကောင်ခေါ်ပြီး မောင်ကြည်တဲမှာအရက်သွားသောက်ကြမယ်”

ပြော၍ ပုဆိုးကိုတိုတိုပြင်ဝတ်ကာ ဖိုးထွေးနှင့်အတူထွက်လာကြသည်။ ငမိုးကလမ်းမှာအဆင်သင့်တွေ့၍ခေါ်လာပြီး သာနီးကိုယာထဲလိုက်ခေါ်ရ၏။

လူစုံတော့ မောင်ကြည်တဲမှာချက်အရက်နှင့် မြေပဲလှော်ကိုသောက်စားကြရာ အတော်ကလေးမူးလို့လာသည်။

“ငါ့သမီးလေးက ကျန်းမာရေးသိပ်မကောင်းဘူးကွ၊ ဘယ်သူကဘာလုပ်ဖို့နိုးတာလဲကွာ ငါအရမ်းဝမ်းနည်းတယ်”

ငမိုးကငိုသံပါကြီးနှင့်ပြောတော့ သာနီးက ...

“ငါလည်းမင်းလိုပါပဲကွာ ... ”

“ငါက ပူပူနွေးနွေးခံစားရတာကွ ငါတော့ဟိုအိမ်မဲကြီးကလူတွေကိုမသက်ဘူး”

“ဘာဆိုင်လို့လဲကွာ”

“ဆိုင်တာပေါ့ သူတို့ကဝိညာဉ်တွေကို လိုသလိုခိုင်းလို့ရတယ်မလား ဒေါ်စိန်အိပ်မက်ကလည်း ခုဆိုမှန်လာပြီ”

ကိုစိုးက အရက်ဝင်သွားတော့ ပို၍သွေးကြွလာသည်။ ထို့ကြောင့်

"ငါ အိမ်မဲကြီးထဲဝင်ပြီး အပြတ်မေးမယ်ကွာ"

"မ _ မလုပ်နဲ့ မင်းဝိညာဉ်ကိုနှုတ်ဦးမယ်၊ သူတို့ကသေမင်းရဲ့တမန်တော်တွေလေ"

ဖိုးထွေးကပြောတော့ ကိုစိုးက _

"မင်းတို့မလိုက်ရဲရင်နေ ငါတစ်ယောက်တည်းသွားရှင်းမယ်"

"ဘာရှင်းမှာမို့လဲ"

"သူတို့က ဝိညာဉ်တွေအကြောင်းသိတော့ အနည်းဆုံးကလေးဘယ်မှာရှိလဲသိရမယ်၊ ကိုစိုးဆိုတဲ့ကောင်က ဘာမှကြောက်တတ်တာမဟုတ်ဘူး"

ကိုစိုးကခပ်ကြွားကြွားပြောရင်း မတ်တတ်ထရပ်တော့ ခန္ဓာကိုယ်က ယိုင်လို့နေလေသည်။

"ကိုစိုး သတိထားလေ"

"ရတယ် ငမိုး ... ရတယ်"

ကိုစိုးကယိုင်ထိုးကာထွက်သွားတော့ ငမိုး၊ သာနိုးနှင့်ဖိုးထွေးတို့ကလည်း နောက်မှလိုက်လာကြသည်။

သားသမီးဇောကြောင့် ဘာကိုမှမမြင်နိုင်တော့တဲ့ ဖခင်တွေရဲ့ရင်ထဲမှာတော့ အကြောက်တရားဆိုတာမရှိတော့ပါလေ _

ဏ္ဍ ❖ ဏ္ဍ

မြို့ကြီးထဲရှိ မြက်ခင်းပေါ်မှာ
ကလေးအနှီးစလွှေလွှေရှုပ် . . .

## အခန်း (၉)
## ဗိညာဥ်မယ်တော်

ကိုစိုးက အိမ်မဲကြီးခြံရှေ့မတ်တတ်ရပ်လျက် အိမ်ထဲသို့ကြည့်နေရာ သူ့ဘေးတွင် မိုးကြီး၊ သာနိုးနှင့် ဖိုးထွေးတို့ရှိနေကြသည်။

"ဗျို့ ... အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ကိုစိုးကလျှာလေးအာလေးနှင့် အသံကုန်ဟစ်ကာခေါ်လိုက်သည်။ အိမ်မဲကြီးထဲက ပြန်ထူးသံဘာမှမကြားရ ...

"အိမ်ရှင်တို့ ... "

"ကိုစိုး လူမရှိဘူးနဲ့တူပါတယ်"

ဖိုးထွေးက ဆက်၍မခေါ်စေလို၍ပြောသော်လည်း ကိုစိုးက ...

"မရဘူးကွာ ငါအပြတ်မေးမယ်"

"ဒီအိမ်ကြီးက လူတွေကလွယ်တာမဟုတ်ဘူး၊ တစ်ခုခုလုပ်လိုက်မှဖြင့် ...ကွဲရောက်နေပါ့မယ်"

"မင်းကြောက်လား ဖိုးထွေး၊ ကြောက်ရင်ပြန်တော့"

ကိုစိုးကမရ နဂိုတည်းကတဖောက်ကန်းရှိသူဖြစ်၍ ဖြစ်ချင်တာဖြစ်ဆို ...သည့် ညာဥ်ရှိသူဖြစ်သည်။

"အိမ်ရှင်ဘို ... "

လေသံကိုထပ်မြှင့်၍ခေါ်သော်လည်း အိမ်မဲကြီးထဲမှ လှုပ်ရှားမှုအသံ မကြားရ၍ ကိုစိုးက ...

"လာကွာ ... အိမ်ထဲဝင်ကြမယ်"

ပြော၍ ခြံထဲသို့ဝင်လာရာ မိုးကြီးနှင့်သာနိုးတို့လည်းနောက်မှကြောက် ကြောက်နှင့်လိုက်လာကြသည်။

ခြံဝနှင့်အိမ်မဲကြီးရှိရာ ဂဝံလမ်းမှာအရှည်ကြီးဖြစ်သလိုကုန်းအမြင့် တွင် ဆောက်ထားသည့် အိမ်မဲကြီးက ကုန်းပေါ်တွင်ထီးထီးကြီးရှိနေ၏။

ဂဝံလမ်း၏တဖက်မှာတော့ မြက်ခင်းများရှိနေသည်။ မြက်ပင်တို့မှာ လည်း စိမ်းစိမ်းစိုစိုရှိလှသည်။

ကိုစိုးက ဘေးဘက်သို့မကြည့်ဘဲတည့်တည့်လျှောက်လာပေမယ့် မိုးကြီး နှင့်သာနိုးက ဟိုကြည့်ဒီကြည့် ကြည့်လာရာ ...

"ဟင်"

"ဘာလဲ မိုးကြီး"

ခြေလှမ်းတန့်ကာ ရပ်သွားသောမိုးကြီးအား သာနိုးကမေးလိုက်သည်။

"ဟို ... ဟိုမှာ"

မိုးကြီးပြရာကို သာနိုးကကြည့်လိုက်ရာ ...

"ကလေးအနီးတွေပါလား"

"ဟေ ... "

ရှေ့ကလျှောက်နေသည့် ကိုစိုးကကြားသွားပြီး ...

"ဘာလဲကွ"

"ကိုစိုး ... ဟိုမှာကလေးအနီးတွေမလား"

မြက်ခင်းအစပ်တွင်ဖြန့်လှမ်းထားသည့် ပုဆိုးအနီးပိုင်းသုံးခုကြောင့် သူတို့အံ့ဩသွားသည်။

"ငါ့သားလေးအနီးလည်းပါတယ်"

"ဟို အနီးပိုင်းကငါ့ပုဆိုးကွ"

"ငါ့သမီးလေးပျောက်သွားတဲ့ညက ထုပ်ခဲ့တဲ့ပုဆိုးပိုင်း ငါ မှတ်မိတယ်"

သူတို့သုံးယောက်လုံး သွေးဆူသွားၾ။ ကလေးပျောက်နေတာ အိမ်မဲကြီးကလူတွေနှင့်ပတ်သက်နေတယ်ဟု တွေးထင်ၾ။

"ငါထင်တဲ့အတိုင်းပဲ အိမ်ထဲမှာကလေးတွေ့လို့ကတော့အပြတ်ရှင်းမယ်"

ကိုစိုးက ကြိမ်းဝါးရင်းအိမ်မဲကြီးတံခါးဝသို့ရောက်လာသည်။ တံခါးဝရောက်သောအခါ ...

"အိမ်ရှင်တို့ ... ဗျို့အိမ်ရှင်တို့"

ကိုစိုးဒေါသသံနှင့် အတင်းကြုံး၍အော်လိုက်သည်။

"ဗျို့ ... အိမ်ရှင်တို့ ... "

"ဘာလို့ ဒီလောက်တောင်အော်နေတာလဲ"

"ဟင်"

နောက်ကျောကထွက်လာသည့် အသံကြောင့် လှည့်ကြည့်လိုက်ရာ ချောမောလှပသည့် မိန်းမပျိုတစ်ဦး လက်ထဲတွင် ခေါင်းရမ်းပန်းကိုကိုင်ကာရပ်နေသည်။

ကိုစိုးက ...

"ကျုပ်ကလေးပျောက်သွားလို့ ဒီအိမ်လာရှာတာ"

ပြောလိုက်ရာ မိန်းမပျိုကပြုံးလျက် ...

"ရှင်ကလေးက ဘယ်အရွယ်လဲ"

"လ ... သားအရွယ်"

"လသားအရွယ်လေးက ကျွန်မခြံထဲဝင်ဆော့မယ်မထင်ပါဘူး။ တခြားနေရာသွားရှာပါလား"

"ဟင်"

မိန်းမပျိုစကားကြောင့် ကိုရိုးက ဘာဆက်ပြောရမှန်းမသိဖြစ်သွားသည်။

မိုးကြီးက မရဲတရဲနှင့် ...

"ကျွန်တော်တို့ ကလေးတွေလည်းပျောက်နေတယ်"

"ရှင်တို့ကလေးတွေပျောက်တာ ကျွန်မတို့နဲ့မဆိုင်ဘူး"

"ဟိုး ... ဟို အနီးတွေက ... ".

မိုးကြီးစကားမဆုံးခင် မိန်းမပျိုက ...

"ဟို အဝတ်စတွေက သချိုင်းကကောက်လာတာ ကျွန်မတို့အိမ်မှာ သချိုင်းကပစ္စည်းတွေပဲသုံးတယ်"

"ဗျာ ... "

"ရှင်တို့မယုံလို့လား ... လာအထဲလိုက်ခဲ့"

မိန်းမပျိုက သူတို့ကိုကျော်ကာ အိမ်ထဲသို့ဝင်သွားသဖြင့် သူတို့သုံးယောက်လည်းအထဲလိုက်ဝင်ခဲ့သည်။

"ဟင်"

အိမ်ထဲဧည့်ခန်းတွင် တွေ့လိုက်သည့်အရွယ်တူပုံစံတူခေါင်းနက်ကြီးများကြောင့် အံ့ဩသွားသည်။

ခေါင်းကအားလုံးငါးခေါင်း ...

ခေါင်းများရဲ့ စားပွဲပေါ်၌အရိုးခေါင်း လက်ဖျံရိုး၊ ခြေထောက်ရိုးစတာတွေကို ဖရိုဖရဲတင်ထားသည်။

"ဒေါက် ... ဒေါက် ... "

သူတို့သုံးယောက် မတ်တတ်ရပ်နေစဉ် ဧည့်ခန်းအနောက်ဘက်မှခြေသံကိုကြားလိုက်ရ၏။ ခဏကြာတော့ ...

အနက်ရောင်တဆက်တည်း ဝတ်စုံကိုဝတ်ဆင်ထားပြီး ခေါင်းဆောင်းဆောင်းထားသည့် အဘွားအိုတစ်ဦး တောင်ဝှေးကိုထောက်ကာ ဧည့်ခန်းထဲဝင်လာသည်။

အဘွားအိုဓါးပုံသဏ္ဍာန်ကို အနီးကပ်မြင်လိုက်သောအခါ ကိုစိုး မိုးကြီး နှင့် သာနိုးတို့အံ့ဩသွားသည်။

အသားအရေကတွန့်နေသလို မျက်လုံးမရှိဘဲဟောက်ပက်ကြီးဖြစ်နေ သည်။

မိန်းမပျိုက ...

"ဒါ ကျွန်မအဘွား ရှင်တို့မေးစရာရှိတာမေး"

ပြောရာ ကိုစိုးကမူးတာများပြေသွားသလို ကြောက်စိတ်ကြောင့် ကြက်သီးများထိနေသည်။

"ဘာပြောစရာရှိလဲ ပြောကြ"

အဘွားအိုက ခပ်ပြတ်ပြတ်ပြောရာ ကိုစိုးကမရဲတရဲဖြင့် ...

"ကျွန်တော်တို့ ကလေးသုံးယောက်အခိုးခံရလို့ပါ အဲဒါ ဒီမှာများ"

မေးရာ အဘွားအိုက ကိုစိုးစကားမဆုံးခင်လက်ကာပြ၍ ...

"မင်းတို့က ကလေးတွေရဲ့အဖေတွေလား"

"ဟုတ်ပါတယ်"

"အားလုံးသုံးယောက်နော်"

"ဟုတ်ကဲ့"

အဘွားအိုက တောင်ဝှေးကိုထောက်လျက် ခေတ္တငြိမ်ပြီးမှ ...

"မင်းတို့ကလေးတွေကို ဝိညာဉ်တွေကခဏခေါ်ထားတာပါ ဘာမှမဖြစ် ပါဘူး"

"ဟို ... ဟို ... ကျွန်တော် ... "

"ငါ့စကားမဆုံးသေးဘူး မင်းတို့ကလေးတွေကိုတကယ်ချစ်တယ်ဆို နောက်ဘယ်တော့မှ တို့အိမ်ကြီးဆီကိုမလာနဲ့ ...

ခြံထဲမှာလည်းဝိညာဉ်တွေရှိတယ် သူတို့ကိုမင်းတို့ကမြင်ရတာမဟုတ်ဘူး သူတို့မကျေနပ်ရင် မင်းတို့ဝိညာဉ်ကိုနုတ်လို့ရတယ်"

"ဗျာ"

---

အဘွားအိုရဲ့စကားသံတွေက ဆွဲဆောင်မှုရှိနေသလို ကိုစိုးတို့လည်း စက်ကွင်းတစ်ခုထဲ ရောက်နေသလိုခံစားရသည်။

"မြေးမ ညနေခေါင်ရမ်းပန်းသွားပို့ဖို့မမေ့နဲ့နော်"

"ဟုတ်ကဲ့ အဘွား"

"မင်းတို့လည်းသွားတော့ ငါမှာတာမမေ့နဲ့ ရွာထဲမှာဖုတ်ဝင်နေတဲ့ အလောင်းရှိတယ်မလား။ ဘယ်အရာမှမထုတ်နိုင်ဘူး ...

အဲဒီကောင်ကို ငါကိုယ်တိုင်လာခေါ်မယ်"

"ဟုတ် ... ဟုတ်ကဲ့"

ကိုစိုးတို့လည်း ပြန်ရန်လှည့်ထွက်လိုက်စဉ် ...

"ခစ် ... ခစ် ... ခစ် ..."

"ခစ် ... ခစ် ... ခစ် ..."

ခေါင်းနက်ကြီးများထဲမှ ရယ်မောသံများထွက်လာလေရာသုံးယောက်သားတိုင်ပင်ခြင်းမရှိဘဲ သုတ်ခြေတင်ပြေးထွက်လို့လာတော့သည်။

❖ ❖ ❖

ဝိညာဉ်ညီအစ်မငါးတော်က
ဘယ်အချိန်မှာပဲ ဖြစ်ဖြစ်ဒီအရွယ်အတိုင်း
ပဲဆိုတော့ ...

# အခန်း (၁၀)
# သုဘရာဇာတစ်ယောက်

"ဗျို့ ... သူကြီး ... "

ခြံရှေ့ကခေါ်တဲ့အသံကြောင့် သူကြီးကအိမ်ပေါ်ထပ်မှအောက်သို့ဆင်းလို့လာသည်။

"ဟေ ... ဘယ်သူတွေလဲ ... ဝင်ခဲ့လေကွာ ... "

သူကြီးကလှမ်းပြောပြီး ခြံရှေ့သို့ကြည့်လိုက်ရာ ခြံထဲသို့ပေါက်ကြီးဖိုးချို တို့နှစ်ယောက်နှင့်အတူ ယောဂီရောင်ရှပ်အင်္ကျီလက်ရှည် ယောဂီရောင်ပုဆိုးတို့ ကိုဝတ်ထားပြီး ယောဂီရောင်သဘတ်ကို ခေါင်းပေါင်းထားသည့် အသက်လေး ဆယ်ကျော်ငါးဆယ်ခန့်ရှိလူကြီး တစ်ဦးပါလာသည်။

အိမ်အောက်ဘက် ခုံတန်းလျားမှာဝင်ထိုင်ကြပြီး ...

"သူကြီး ဒါကျွန်တော်ပြောတဲ့ ဆရာလေ မိုးကနဲရွာကဆိုတာ ... "

"သြော် ... ဟုတ်ကဲ့"

ဆရာက သူကြီးကိုရဲရဲတင်းတင်းကြည့်၍ ...

"ရွာထဲကိုဝင်လိုက်ထဲက ကျုပ်သိတယ် သူကြီးတို့ရွာကမသန့်ဘူး"

"ဗျာ ... "

"ရွာထဲမှာ နာနာဘာဝတွေမင်းမူနေတယ်၊ သူတို့ကိုထိန်းချုပ်ထားတဲ့ လူရှိတယ်ကြာရင် တစ်ရွာလုံးပြုတ်မယ်"

သူကြီးသွေးပျက်သွားသည်။

"ကျုပ်တို့ဘယ်လိုလုပ်ရမလဲ"

ကျုပ်စီစဉ်မှာပေါ့ ပထမဆုံးဒီနယ်ပိုင် မိဖုရားရုပ်ထုကို ပူဇော်ရမယ်၊ ပြီးရင် ရွာကိုဒုက္ခပေးမယ့် ဖုတ်ကိုထုတ်ရမယ်"

"ဟုတ်ကဲ့ ... ဆရာကောင်းသလိုစီမံပါ ကျုပ်ကဘာမှနားလည်တာ မဟုတ်ဘူး"

ဆရာကရေနွေးတစ်ပန်းကန်ကို ကောက်သောက်လိုက်ပြီး ...

"ရတယ်လေ ... ကျုပ်မိဖုရားဆီမှာခွင့်တောင်းမယ် ... မိဖုရားကို ပူဇော်ဖို့ သူကြီးတာဝန်ယူရမယ်"

"ပြောပါ ဆရာ ... "

"ကြက်ဖို ကြက်မတစ်စုံ၊ ဂျီးကြော်တစ်စုံ၊ ပန်းဖြူကိုးမွှင့် ထမင်းဦး ပေါင်းတစ်ပွဲ လက်ဖက်တစ်ပွဲ ဖယောင်းတိုင်ကိုးတိုင် အမွှေးတိုင်ကိုးတိုင်ပဲသူ ကြီး"

"ရတယ်လေ ... ကျုပ်စီစဉ်ပေးပါ့မယ်"

ဆရာကခေါင်းညိတ်လိုက်သည်။ ပြီးတော့ လွယ်အိတ်ထဲက ကွမ်းအစ် ကိုထုတ်၍ ကွမ်းကိုယာကာ တစ်ယာကိုပါးစပ်ထဲထိုးထည့်ပြီး ...

"ရွာထိပ်က အိမ်မဲကြီးက နာနာဘာဝတွေအတွက် ဆောက်ထားသလို ပဲ သူကြီး"

"အင်း ... ပြောရမှာခက်တယ် ဆရာရယ်၊ အဲဒီအိမ်ကလူတွေက သေမင်းရဲ့လူတွေလိုဖြစ်နေတယ် ... "

"ဟင် ... ဘယ်လိုလဲ ရှင်းအောင်ကျုပ်ကိုပြောပါ"

"ဒီလိုပဲ ရွာထဲမှာ အဲဒီအိမ်ကကောင်မလေးတစ်ယောက် ခေါင်ရမ်းပန်း လာပို့တာနဲ့ အပို့ခံရတဲ့အိမ်ကလူသေတာပဲ"

"ဘယ်ဟုတ်ပါလား ငါ့ဆရာနဲ့တွေ့ကြတာပေါ့ သူကြီးရေ ကျုပ်နဲ့တော့ [illegible]ကောင်းပဲ"

ဆရာက ခပ်ကြွားကြွားပြောတော့ သူကြီးက ...

"ကျုပ်တို့ရွာကို ဟိုအရင်ကဆရာတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာတယ်၊ ကျုပ်တို့ငယ်ငယ်ကပေါ့ ...

ကြားရတာ မိဖုရားသိုက်တူးမယ်ဆိုလားပဲ မရပါဘူး။ ပြန်ပြေးရတာပဲ အဲဒီအိမ်မဲကြီးက ညီအစ်မငါးဖော်နဲ့ဝိညာဉ်မယ်တော် အဘွားအိုကိုမကျော်နိုင်ဘူး ...

ထူးဆန်းတာက ဝိညာဉ်ငါးဖော်ဆိုတဲ့ မိန်းကလေးငါးယောက်က ကျုပ်ငယ်ငယ်ထဲက အရွယ်အတိုင်း ဒီနေ့ထိရှိနေတာပဲ"

"ဟုတ် ... ဟုတ်ပြီ"

သူကြီးစကားကြောင့် ဆရာက အားရဝမ်းသာထ၍ပြော၏။

"ဘာလဲ ... ဆရာ"

"မိဖုရားသိုက်ကိုစောင့်တာ သူတို့ပဲနေမှာပေါ့။ သူကြီးမပူနဲ့ ကျုပ်မနိုင်ရင် ကျုပ်ဆရာယောဘက်မှာရှိတယ် ...

ကျုပ်ခေါ်ရင်လာမှာ ကျုပ်ကလည်းဒါမျိုးကိုတွေ့ချင်နေတာ"

"သိုက်တူးမယ့် ကိစ္စကလွယ်တော့မလွယ်ဘူးဆရာ ... သူတို့က စွမ်းတယ်"

"မပူပါနဲ့ သူကြီးရယ် ကျုပ်ဆရာကသူတို့ထက်စွမ်းတယ် ကျုပ်စီစဉ်ပါ့မယ်၊ ကျုပ်ကတော့ သူကြီးတို့ရွာထဲနှောင့်ယှက်နေတဲ့ နာနာဘာဝတွေနဲ့ဖုတ်ကိုမောင်းထုတ်ပေးမယ်"

"အားကိုးပါတယ်"

"ဟုတ်ပြီလေ ကျုပ်ဖုတ်ကောင် အခြေအနေ သွားကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ ... ဟုတ်ကဲ့"

---

ရိရင့်အောင်စာစဉ်

ဆရာက ပေါက်ကြီးနှင့်ဖိုးချိုတို့ကိုခေါ်ကာ ဖုတ်ဝင်နေသည့် မြစ္စာညို
တို့ အိမ်ကိုထွက်လာကြတော့သည်။

❖ ✣ ❖

ရဲရှဲဝဘာၚဥဲဓာဓဓ

စာရွက်ခေါက်လေးကို လက်ကကိုင်လျက် ခြံထဲဝင်လာသည့် အသက်နှစ်ဆယ့်ငါးနှစ်အရွယ် ရှမ်းဘောင်းဘီ ရှမ်းအင်္ကျီကိုဝတ်ဆင်ကာ လွယ်အိတ်ကြီးနှင့်လူငယ်အား သူကြီးက ...

"ဘာကိစ္စလဲ မောင်ရင် ... "

"ဦးအဂ္ဂက ပေးခိုင်းလိုက်လို့ပါ"

ယဉ်ကျေးစွာပြော၍ လက်နှစ်ဘက်ဖြင့် စာရွက်ခေါက်လေးအားသူကြီးအားပေးလိုက်သည်။

သူကြီးက သေချာဖတ်ပြီး ...

"မောင်ရင်က ရွာသင်္ချိုင်းမှာ သုဘရာဇာလုပ်မလို့လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ထိုင် ... ထိုင်ပါ ... "

သူကြီးက သူ့ရှေ့ခုံမှာထိုင်ခိုင်းတော့ လူငယ်ကဝင်ထိုင်လိုက်သည်။ လူက လူရည်သန့် စကားပြောတာကလည်း သိမ်မွေ့သလို ယဉ်ကျေးသည့်ပုံစံရှိသူကို ဦးအဂ္ဂက သုဘရာဇာခန့်လိုက်သည်လို့စာရေးလိုက်သည်။

အစဉ်အဆက် သုဘရာဇာခန့်တာကို အိမ်မဲကြီးကပဲလုပ်တာကြောင့် ပြောစရာတော့မရှိ ...

သို့သော် ...

ရပ်ရွာထုံးစံအရ သူကြီးဖြစ်သည့် သူ့ကိုအသိပေးခြင်းလည်းဖြစ်၏။

"မောင်ရင့်နာမည်ဘယ်လိုခေါ်လဲ"

"သီဟ"

"မောင်ရင့် ပုံစံနဲ့သုဘရာဇာအလုပ်ကိုလုပ်နိုင်ပါ့မလား ... အခုလို မေးတာ တစ်မျိုးမထင်နဲ့နော်"

"လုပ်နိုင်ပါတယ် ဘာလို့လဲဆိုတော့ သုဘရာဇာအလုပ်ကို ကျွန်တော် ဝါသနာပါတယ်လေ"

"ဟေ"

သူကြီးမျက်လုံးပြူးသွားသည်။ ဘယ်သူမှဒီအလုပ်ကိုလုပ်ချင်တာမဟုတ် ဒီလူငယ်မှဝါသနာပါတယ်ဆိုတော့ ...

အံ့သြရသည်လေ ...

"ကျွန်တော့်မိဘတွေက ငယ်ငယ်တည်းကဆုံးသွားတယ် ... ကျွန်တော့်ကိုမွေးစားတာက သုဘရာဇာကြီးတစ်ယောက်ပဲ သူက သူ့သင်္ချိုင်းမှာကျွန်တော့်ကို သုဘရာဇာအမွေမပေးချင်ဘူး ...

ကျွန်တော်လည်း ဝါသနာပါတော့ သုဘရာဇာမရှိတဲ့ သင်္ချိုင်းရှာရင်း ဒီရွာရောက်လာတာပါ"

"ဩော် ... "

သီဟတစ်ယောက် ဦးနှောက်မှမှန်ရဲ့လားဟု သူကြီးတွေးမိ၏။ သုဘရာဇာအလုပ်ကို ဝါသနာပါလွန်းလို့ သုဘရာဇာမရှိတဲ့ သင်္ချိုင်းလိုက်ရှာတာတဲ့

သူတို့ရွာသင်္ချိုင်းမှာ သုဘရာဇာမရှိတာ နှစ်နှစ်လောက်ရှိပြီ ...

ခု သီဟရောက်တော့ အဆင်ပြေပြီလေ ...

ရွာထဲမှာ လူသေရင် ရွာကလူလွှတ် ကျင်းတူးရခေါင်းစပ်ရတာလွယ်တာမဟုတ် ...

"မောင်ရင် လိုတာရှိရင် ကျုပ်ကိုပြောပါ"

"ကိစ္စမရှိပါဘူး ကျွန်တော့်ကိုသွားခွင့်ပြုပါ"

"အေး ... အေး"

ခြံထဲကထွက်သွားသော သီဟရဲ့ကျောပြင်ကိုကြည့်၍ သူကြီးတစ်ယောက်ခေါင်းတညိတ်ညိတ်လုပ်ကာ နေလေတော့သည်။

❖ ✣ ❖

သန်းခေါင်ရောက်မှ ဖုတ်ကိုထုတ်မယ်ဆိုပြီး
ကြိမ်းဝါးတဲ့ဆရာ့စကားကြောင့် . . .

## အခန်း (၁၁)

## ဆရာလာတဲ့နေ့

"အိုး"

ဆရာကအိမ်ပေါ်တက်လိုက်တာနှင့် အခန်းထဲကခြေစောင့်သံကြောင့် လန့်နိုးလို့သွားသည်။

ပေါက်ကြီးက မြခွာညိုအား ...

"မြခွာညို နင့်အဖေအခြေအနေဘယ်လိုလဲ"

"ဘာကိုလဲ"

"ဖုတ်ဝင်နေတာကိုမေးတာ ညဘက်ဘာတွေလုပ်သေးလဲ"

မြခွာညိုရဲ့ မျက်နှာပျက်လို့သွားသည်။ အဖေဆိုတော့ ဖုတ်ဝင်နေတာ ပဲဖြစ်ဖြစ် စကားပြောနိုင်လှုပ်ရှားနိုင်တာကိုကြည့်၍ ကျေနပ်လို့နေသည်။

"ဘယ်ကောင်လဲဟေ့ _ ဘာလုပ်ဖို့လာတာလဲ"

အခန်းထဲက အသံနက်ကြီးဖြင့်ထအော်တာကြောင့် ဆရာကအခန်း သို့သွား၍ အထဲသို့ကြည့်လိုက်သည်။

မဲမှောင်နေသော အခန်းထဲတွင် ပက်လက်အနေအထားက ...

"ငါ့ဆီကိုမလာနဲ့နော် ... "

"နင်က အဆင့်တော်အတော်တက်နေပြီပဲ ရတယ်လေ ငါနဲ့တွေ့ရင် ဘယ်ခံနိုင်မလဲ"

ဆရာက လေသံမာမာနှင့်ကြိမ်းလိုက်ရာ ...

"ဟား ... ဟား ... ဟား ..."

"ဟင်"

အခန်းထဲက ရယ်သံကြောင့်ဆရာလန့်သွားသည်။

"ဘယ်သူမှ နားမလည်ဘူး၊ ငါ့နားကပ်ရင်လည်းပင်းညှစ်သတ်မယ် ဟင်း ... ဟင်း"

"တောက် ... တွေ့ကြသေးတာပေါ့ သန့်ခေါင်ရောက်မှနင့်ထုတ်မယ် ထုတ်ပြီးရင် ဒဏ်ပေးမယ်"

"မကြောက်ဘူး ... မကြောက်ဘူး ... "

အခန်းထဲကကျယ်လောင်စွာ အော်နေတာကြောင့် ဆရာကအခန်းဝက လှည့်ထွက်ကာ အိမ်ရှေ့တွင်ပြန်ထိုင်လိုက်သည်။

ပေါက်ကြီးက ...

"ဆရာ အခြေအနေဘယ်လိုရှိလဲ"

"အခြေအနေကတော့ သိပ်မကောင်းဘူး အကောင်ကအတော်ကြီး တယ် ကိစ္စမရှိပါဘူး ငါ့အတွက်အသေးအမွှားပါ"

မြခွာညိုကတော့ မျက်နှာလေးငယ်ကာကြည့်နေသည်။

"ဖုတ်ကိုထုတ်လိုက်ရင် ဦးလေးကျော်တင့် ဘယ်လိုနေမလဲဆရာ"

"လူက သေနေတာကြာပြီ ဖုတ်ကောင်ကကပ်နေလို့ အခုလိုနေနေ တာ"

ဆရာကပြောတော့ မြခွာညိုက ...

"မဟုတ်ဘူး အဖေမသေပါဘူး ထမင်းတောင်စားနိုင်တယ်"

"ဟား ... ဟား ... "

ဆရာက အားရပါးရရယ်သည်။ ပြီးတော့ ...

"ခိန်ကာလေးရဲ့အဖေမဟုတ်ဘူး သူကဖုတ်၊ ဖုတ်ဆိုတာ သရဲတစ္ဆေ တစ်မျိုးပဲ သူဘာစားမယ်လို့ပြောလဲ"

"အဖေက အမဲသားကြိုက်တော့ အမဲသားစားမယ်ပဲပြောတယ်"

"ညဘက်မှစားတာမလား"

"အင်း"

မြခွာညို ခေါင်းညိတ်လိုက်သည်။

ဆရာက ...

"သူတို့က အဲဒီအတိုင်းပဲ နေ့ခင်းပိုင်းဆို လူမမာလိုနေတာ၊ တငြီးငြီး တညည်းညူနဲ့ ညည်းလည်းသတိထား သူ့အသားကိုကြာကြာမထိနဲ့ ဒုက္ခဖြစ်သွား မယ်"

"..."

မြခွာညိုက ဘာမှမပြောဘဲငြိမ်နေလိုက်သည်။

"သန်းခေါင်လောက်မှ ဖုတ်ကိုထုတ်မယ်၊ ညည်း ရေအိုးအလွတ်တစ် လုံးရှာထား မသုံးရသေးတဲ့အိုးနော်"

ဆရာကပြော၍ မတ်တတ်ရပ်တော့ ပေါက်ကြီးနှင့်ဖိုးချိုကလိုက်ထပြီ

"မြခွာညို ဆရာမှာတာမမေ့နဲ့နော် နင်တစ်ခုခုဖြစ်သွားရင် ရွာမှာ ကွမ်းတောင်ကိုင်မယ့်သူ မရှိဘဲနေဦးမယ်"

ပေါက်ကြီးက လှမ်းစတော့ မြခွာညို မျက်နှာကိုမဲ့ကာပြလိုက်သည်။

ဆရာနှင့်ပေါက်ကြီးတို့အိမ်ပေါ်ကဆင်းသွားပြီး သိပ်မကြာခင်မှာပဲ-

"သမီးရေ ... သမီး"

"ရှင် ... အဖေ ... လာပြီ"

အခန်းထဲက ခေါ်သံကြောင့် မြခွာညိုထ၍ အခန်းထဲဝင်လာခဲ့သည်။

"ဘာဖြစ်လို့လဲ အဖေ ... "

"ခုနက ဘယ်ကလူတွေလဲ သမီး"

ဦးကျော်တင့်ရဲ့လေသံကပျော့နေသည်။

"ရွာထဲကပါ အဖေရယ် ... "

"တစ်ယောက်က ရွာထဲကမဟုတ်ဘူး၊ သူဘာတွေပြောသွားတာလဲ"

"ဘာတွေမှန်းမသိပါဘူး အဖေရယ် _ အဖေလည်းနေကောင်းတာ မဟုတ်ဘူး အိပ်ပါ"

မြခွာညို့က နှစ်သိမ့်ကာပြော၏။

"အဖေ့ကိုဒုက္ခပေးမယ်နဲ့တူတယ် အဖေ သမီးနဲ့နေချင်သေးတယ်၊ အဖေ့ဆီကိုသူတို့မလာပါစေနဲ့နော် ... "

"အင်းပါ အဖေရယ် ... "

မြခွာညို့ မျက်ရည်ဝဲမိသည်။ သူ့ကိုသိပ်ချစ်သည့် ဖခင်ရဲ့ခံစားချက်ကို သူနားလည်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ...

သူ့ဖခင်ဟာ ဖခင်ပါပဲ ...

"သမီး _ အဖေ့ကျောကိုနှိပ်ပေးပါကွယ်၊ အကြောတွေတက်လွန်းလို့ ပါ"

"ဟုတ်ကဲ့ အဖေ ... ဟုတ်ကဲ့"

မြခွာညို့က သူ့အဖေကျောကိုနှိပ်ပေးလိုက်တော့ ဦးကျော်တင့်ကငြိမ်၍ နေသည်။

မြခွာညို့လည်း ဖခင်အလိုကျနှိပ်နယ်နေရာ အချိန်အတော်ကြာသော အခါ ခေါင်းထဲမူးဝေ၍ မျက်လုံးများပြာလာပြီး လဲကျသွားတော့သည်။

❖ ❖ ❖

"ခွာညို ... တူမလေး ... "

"ဟင်း ... ဟင်း ... "

မြခွာညိုရဲ့ နှာခေါင်းထဲတွင် ရှူဆေးနံ့ပြင်းပြင်းရနံ့ကြောင့် သတိရ
တော့အပေါ်ထပ်အခန်းထဲရောက်နေသည်။ သူ့ဘေးတွင်လည်း ရွာထဲကဒေါ်စိန်
ဒွေးလေးတို့။ မိုးပွင့်တို့က စိုးရိမ်စွာ သူ့ကိုကြည့်နေကြသည်။

"ခွာညို ... ဘယ်လိုဖြစ်တာလဲကွယ်"

"ဟင်"

မြခွာညို ပြန်စဉ်းစားလိုက်သောအခါ ခေါင်းထဲ မူးလာပြန်သည်။

"သူကြီးက ခေါ်ခိုင်းလို့ ဒေါ်စိန်လာခေါ်တော့ ခွာညိုက အိမ်ရှေ့မှာ
ခွေခွေလေးလဲနေတယ်လေ"

"အိမ်ရှေ့မှာ ဟုတ်လား"

"ဟုတ်တယ်လေ ... "

မြခွာညို စဉ်းစားမိတာက သူ့အဖေကိုနှိပ်ပေးရင်း အခန်းထဲမှာလဲ
သွားတာ ဒေါ်စိန်ပြောတော့ အိမ်ရှေ့မှာဆိုတော့ အိမ်ရှေ့ဘယ်လိုရောက်သွ
မှန်းမသိ ...

"ဒေါ်စိန်တို့အပေါ်ထပ်အခန်းထဲတင်ထားတာ ငါ့တူမလည်းအိမ်

ပျက်တာတွေများတယ်ထင်တယ်''

"ဟုတ်မယ် ဒေါ်စိန်ရယ်''

"အေးလေ _ ငါ့တူမလည်းဝင့်ကျွတ်တော့မှာပါ၊ ဆရာက ဒီညသန်း ခေါင်မှာဖုတ်ထုတ်ပေးမယ်တဲ့''

"ဟင်''

မြခွာညို စိုးရိမ်သွားသည်။

"အဖေ သမီးနဲ့နေချင်သေးတယ်''

ဖခင်ရဲ့စကားကို နားထဲတွင် ကြားယောင်လို့လာတာကြောင့် မျက်ရည် များဝေ့တက်လာပြန်သည်။

"အဖေကို ဖုတ်ဝင်နေတာမဟုတ်ပါဘူး ဒေါ်စိန်ရယ်''

"ခက်တယ်ခွာညိုရယ် _ ဒါမျိုးက ကာယကံရှင်တွေမယုံတတ်ကြဘူး သူတို့ထင်တာက သူတို့လူပဲထင်ကြတာ ...

တကယ်တော့ မကောင်းတဲ့ နာနာဘာဝတွေကပ်နေတာလေ''

"ဟင့် ... ဟင့် ... ''

မြခွာညို ရှိုက်ကြီးတငင်ငိုကြွေးလေရာ မိုးပွင့်ကဘေးနားထိုင်၍ ...

"ခွာညိုရယ် မငိုပါနဲ့ တို့တွေဖြစ်သင့်တာကို လက်ခံရမယ်လေ''

"ဟင့် _ ဟင့် _ မိုးပွင့် ... ငါ့အတွက် အဖေဟာဖုတ်ဝင်နေတာ ပဲဖြစ်ဖြစ်၊ ရှိကိုရှိရမယ်ဟာ အဖေရှိရင် ငါ့ကိုဘယ်သူမှနှောင့်ယှက်ရဲမှာမဟုတ် ဘူး။ ငါအားလဲရှိတယ် အဖေ့အရိပ်တစ်ခုထဲနဲ့ ငါအသက်ရှင်နေခဲ့တာလေ''

"ခွာညိုလေးရယ် ... ''

ဘေးမှာရှိနေတဲ့ ဒေါ်စိန်၊ ဒွေးလေးတို့။ မိုးပွင့်တို့က မြခွာညိုရင်ထဲက ခံစားချက်ကိုစာနာစွာရှိနေပေမယ့် ...

ရွာမှာ ဖုတ်သရဲရှိနေမှာတော့ မလိုလားဘူးလေ ...

❖ ✣ ❖

မယုတ်လုပ်မယ့် သိုက်ဆရာအား
ဝိညာဉ်မယ်တော်က . . .

## အခန်း (၁၂)
## သချိုင်းမှာလာနေတဲ့တစ္ဆေ

"သေချာလုပ်ကြ ... မိဖုရားပွဲတော်တည်မယ့်အချိန်ရောက်ပြီ"

ဆရာက ပေါက်ကြီးနှင့်ဖိုးချိုအား မိဖုရားရုပ်တုရှေ့ကျောက်စားပွဲတွင် အစားအစာများတင်ခိုင်းရင်းပြောလိုက်သည်။

သူကိုယ်တိုင်က အမွှေးတိုင်ဖယောင်းတိုင်တို့ကိုထွန်းညှိလိုက်၏။

"မင်းတို့နှစ်ယောက် နောက်ဆုတ်လိုက်ကြ၊ မိဖုရားပွဲတော်တည်ဖို့ ငါကိုယ်တိုင်ကပ်မယ်"

"ဟုတ်ကဲ့"

ပေါက်ကြီးနှင့်ဖိုးချိုက ခပ်လှမ်းလှမ်းမှာသွားနေတော့ ဆရာကမိဖုရားရုပ်တုရှေ့၌ မတ်တတ်ရပ်၍ ရုပ်တုကိုသေချာကြည့်ပြီး ...

"ဤတော ဤတောင် ဤနယ်ကိုပိုင်တော်မူသော မိဖုရားအား ကျွန်ုပ်နှင့်အတူခေမာရွာသူ ရွာသားအပေါင်းတို့က ပွဲတော်တည်ရန်အတွက် ဤစားဖွယ်ရာများကို ကပ်လှူပါတယ် ခင်ဗျား"

ဆရာက စကားကိုခေတ္တရပ်လိုက်စဉ် ...

"ရှဲ ... "

လေပြင်းတစ်ချက်ကဝှေ့ကာတိုက်လိုက်သဖြင့် ဖယောင်းတိုင်မီးတချို့ ငြိမ်းလုလုဖြစ်သွားသည်။

လိုဏ်ဂူအတွင်းမှာဖြစ်တာကြောင့်လည်း ဆရာရဲ့အသံကပဲ့တင်ထပ်ထွက်လာနေသည်။

"မိဖုရား စိတ်တိုင်းကျ သုံးဆောင်ပါ၊ ခေမာရွာကိုလည်းစောင့်ရှောက်ပါ၊ သရဲတစ္ဆေဖုတ် ကျွတ် စတာတွေ ရွာထဲဝင်မှာကိုတားဆီးပေးပါ ခေမာရွာမှာ ကျရောက်နေသော နာနာဘာဝတွေက ရွာထဲဝင်ကလေးယူခြင်း ဖုတ်ဝင်စီးခြင်းတို့ကို မိဖုရားတန်ခိုးတော်နဲ့တားဆီးပေးပါ"

ဆရာကပြောလည်းပြော မိဖုရားရုပ်တုအနှံ့လိုက်လံကြည့်ရှုနေသည်။

ထိုစဉ် ...

"ဒေါက် ... ဒေါက် ... ဒေါက် ... "

အသံတစ်ခုက စည်းချက်ညီထွက်ပေါ်လာရာ စကားဆက်မည့်ဆရာက မဆက်တော့ဘဲ အသံလာရာလိုဏ်ခေါင်းအတွင်းထဲသို့ကြည့်နေသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဟင်"

လိုဏ်ခေါင်းအတွင်းဘက် အမှောင်ထဲမှထွက်လာသည့် ပုံရိပ်ကြောင့် ဆရာလန့်သွားသည်။

ဝတ်ရုံအနက်ကိုခေါင်းဆောင်းထားသည့် မျက်လုံးမရှိဘဲ မျက်တွင်းဟောက်ပက်နှင့် အဘွားအိုတစ်ဦးကိုတောင်ဝှေးနှင့်တွေ့လိုက်သည်။

ဆရာက ... လေသံတုန်တုန်နှင့် ...

"ခင် ... ခင်ဗျားက"

"ငါက ဝိဇ္ဇာဉ်မယ်တော်ပဲ ဒီနယ်တစ်ခွင်က ဝိဇ္ဇာဉ်တွေကို ချုပ်ကိုင်ထားတဲ့ မယ်တော်ဆိုပါတော့ ... "

"ဪ ... ခေမာရွာကို နာနာဘာဝတွေ နှောင့်ယှက်နေတာ ခင်ဗျားလက်ချက်မလား"

"ဟား ... ဟား ... ဟား"

အဘွားအိုက အားရပါးရရယ်မောလိုက်သည်။

"ခင်ဗျား ဘာရယ်တာလဲ ..."

"လူမိုက် ... နင်မဟုတ်တာလုပ်မလို့ ကြံနေတယ်မလား။ နင့်အကြံကိုသိလို့သတိပေးရအောင်ငါလာတာ"

"ဩော် ... ခင်ဗျားက ကျုပ်အကြံကိုသိနေတာကို ကိစ္စမရှိပါဘူး ခင်ဗျားတို့ကို ချုပ်ကိုင်မယ့်နည်းလမ်းကျုပ်မှာရှိတယ်"

ဆရာကပြောတော့ အဘွားအိုက ...

"ဟား ... ဟား ... ဟား"

အားရပါးရရယ်ပြန်သည်။ ပြီးနောက် ...

"လူမိုက် မလုပ်သင့်တာကိုလုပ်ဖို့ကြံတယ် ငါတို့မိဖုရားကနောင်ပွင့်မယ့် အရိမေတ္တေယျ မြတ်စွာဘုရားကိုလှူဖို့ရည်စူးထားတဲ့ နန်းစဉ်ရတနာသိုက်ကို နင်တို့အလွယ်တကူရနိုင်မယ်ထင်လို့လား"

"ရအောင်ယူမယ် ခင်ဗျားတို့ကိုချုပ်နိုင်မယ့် နည်းရှိပြီးသားပဲ"

ဆရာ့ စကားကြောင့် အဘွားအိုကဒေါကန်ပြီး ...

"လောဘကောင် နင်ဘယ်လောက်ထိမိုက်တွင်းနက်နေမလဲ၊ မကြာခင် နင်ဒုက္ခရောက်တော့မယ်"

"ဒုန်း ... "

ပြောဍ် မြေကြီးကိုတောင်ဝှေးဖြင့်ဆောင့်လိုက်ရာ မြေကြီးကသိမ့်ခနဲ တုန်သွားပြီး မီးခိုးများထွက်လာကာ အဘွားအိုလည်းပျောက်သွားတော့သည်။

ဆရာက ကြောက်ကြောက်နှင့် ဂူထဲကထွက်၍ ပေါက်ကြီး၊ ဖိုးချိုတို့နှင့်အတူ ရွာသို့ပြန်လာခဲ့တော့သည်။

❖ ✣ ❖

"ရရဲ့လား အဖေရယ် _ ဖြည်းဖြည်းလျှောက်ပါ"

မြခွာညိုက သူ့ဖခင်အားတွဲလျက် အမှောင်ကိုကွယ်ကာလူမမြင်အောင် ရွာထဲကထွက်လာသည်။

ဦးကျော်တင့်က အလွန်မောလို့နေတာကြောင့် ...

"ခဏနားပါရစေဦး သမီးရယ်၊ အဖေ တအားမောနေလို့ပါ"

မြခွာညိုက ညောင်ပင်ကြီးတစ်ပင်အောက်က သစ်မြစ်ပေါ်တွင်ထိုင်၍အနားယူလိုက်၏။

"ဟော ... ဟော ... "

"အဖေ ... အရမ်းမောလို့လား"

"အင်း"

"အဖေ _ အိမ်မှာနေရင် ဟိုဆရာကအဖေ့ကိုဒုက္ခပေးတော့မယ်၊ အဲဒါကြောင့် သမီးခေါ်လာရတာပါအဖေရယ်"

မြခွာညိုက မျက်နှာငယ်လေးနှင့်တောင်းပန်ရှာတော့ ဦးကျော်တင့်က

"အဖေ ဘယ်မှာနေရမလဲ သမီးရယ်"

"အင်း _ သချိုင်းကဇရပ်မှာနေပါလား အဖေ တခြားဘယ်အိမ်က

မှ အဖေ့ကိုလက်ခံတာမဟုတ်ဘူးမလား။ သူဘာရာဇာကြီးနဲ့ သမီးရင်းနီးပါတယ် ပြီးတော့ နေ့တိုင်းအဖေလိုအပ်တာသမီးလာပို့ပါ့မယ်"

"အင်း"

ဦးကျော်တင့်မျက်နှာငယ်ကျသွားသည်။ မြခွာညိုက ဘယ်လိုမှစိတ်မကောင်းသော်လည်း စိတ်ကိုအတတ်နိုင်ဆုံးထိန်း၍ ...

"လာပါ အဖေသွားရအောင် သူတို့အိမ်လာကြည့်လို့မတွေ့ရင် ပြဿနာရှာလိမ့်မယ် အဖေ့ကိုတွေ့သွားလို့မဖြစ်ဘူး"

"အေး ... အေး ... "

သားအဖနှစ်ယောက်ထိုင်ရာမှထ၍ ခပ်သုတ်သုတ်သချိုင်းသို့ထွက်လာကြသည်။

ညကလည်းမှောင် သချိုင်းကလည်းအနည်းငယ်လှမ်းတာကြောင့် သွားရလာရတာလွယ်ကူခြင်းမရှိ။

သို့သော် ...

ဖခင်ရဲ့ပုံရိပ်တွေ မပျောက်ကွယ်လိုသော သမီးတစ်ယောက်ရဲ့ဂရုဏာက အဖေတစ်ယောက်ရင်ထဲ ပီတိဖြစ်ရလေ၏။

လျှောက်လာကြရင်း သချိုင်းဝရောက်တော့ ...

"အဖေ ... သမီး သူဘာရာဇာကြီးကိုသွားခေါ်လိုက်ဦးမယ် အဖေ ဟိုဇရပ်မှာထိုင်စောင့်နေ ဟုတ်လား"

"အေး ... အေး"

အုတ်ဂူများမှာ ညအမှောင်တွင်ကြောက်စရာကောင်းလှသလိုလေအဝှေ့အတိုက်ကြောင့် မှတ်တိုင်တချို့မှာလည်း ယိမ်းယိုင်လို့နေလေ၏။

"ရှဲ ... "

"အမလေး"

မြည်လာသည့်အသံကြီးက ကြောက်စရာကောင်းလွန်းတာကြောင့် မြခွာညိုလန့်သွားသည်။

အသံလာရာကို ကြည့်လိုက်တော့ ဝါးရုံပင်ကြီးလှုပ်ယမ်းနေခြင်းဖြစ်
၏။

"တော်ပါသေးရဲ့ ... "

ရင်ဘတ်ကိုလက်နှစ်ဘက်နှင့်ဖိကာ သချိုင်းအနောက်ဘက်သုဘရာဇာ
တဲသို့ ခပ်သုတ်သုတ်လျှောက်လာသည်။

တဲရှေ့ရောက်တော့ ...

"သုဘရာဇာကြီး ... သုဘရာဇာကြီး"

အသံကျယ်ကျယ်နှင့် မြခွာညိုက အော်နှိုးလိုက်သည်။

"ဘယ်သူလဲ ... "

"ဟင်"

တဲထဲက ပြန်မေးသံကသူသိသည့် သုဘရာဇာကြီးရဲ့အသံ မဟုတ်တာ
ကြောင့် အံ့ဩသွားသည်။

တဲထဲကလှုပ်ရှားသံကြားရပြီး အပြင်ထွက်လာတာကို မြခွာညိုတွေ့ရ၍

"ရှင် ... ရှင် သုဘရာဇာကြီး မဟုတ်ဘူး"

"သုဘရာဇာကြီး မဟုတ်ပါဘူး သုဘရာဇာသီဟပါ သုဘရာဇာကြီးမရှိ
တာကြာပြီ ခင်ဗျားမသိဘူးလား"

"ဟင့်အင်း မသိပါဘူး"

မြခွာညိုက စိတ်ပျက်အားငယ်သွားသည်။

သီဟက ...

"ဘာကိစ္စရှိလို့လဲ ကျွန်တော်ဘာကူညီရမလဲ ပြောပါ"

ပြောတော့ မြခွာညိုရဲ့ မျက်လုံးထဲတွင်မျှော်လင့်ချက်တို့ လင်းလက်လာ
ပြီး သူ့ဖခင်အကြောင်း ဆရာဆိုသည့်လူအကြောင်းပြောပြလိုက်သည်။

မြခွာညို စကားကြားတော့ သီဟကပြုံးလိုက်ပြီး

"ဟုတ်ပြီ ခင်ဗျားက ခင်ဗျားအဖေကိုယ်ထဲက ဖုတ်ထုတ်မှာကြောက်
လို့ပေါ့"

"အင်း ... ခွာညိုက အဖေပဲဖြစ်ဖြစ်တခြားမကောင်းဆိုးဝါးပဲဖြစ်ဖြစ် အဖေရှိနေတာကိုပဲ မြင်ချင်တာပါ"

"အေးပါကွာ ... ငါကူညီမယ် မင်းအဖေဘယ်မှာလဲပြော"

"သချိုင်းဝရပ်မှာ"

သီဟက မြခွာညိုနှင့်အတူ သချိုင်းဝသို့ထွက်လာပြီးဦးကျော်တင့်အား ခေါ်၍ သူတဲ၌ထားသည်။

"ကျေးဇူးအများကြီးတင်ပါတယ် ကိုသီဟရယ်"

"စိတ်ချပါခွာညို ကျွန်တော်ကြည့်ထားပါမယ် လိုအပ်တဲ့ဆရာနဲ့လည်း ခေါ်ပြမှာပါ ခွာညိုကရွာပြန်ပြီးဟန်မပျက်နေပေါ့"

"ဟုတ်ကဲ့ ... အဖေသမီးသွားတော့မယ် မနက်ဖြန်မှလာခဲ့မယ်"

"အေး ... အေး"

မြခွာညို ပြန်တော့ ကိုသီဟကရွာစပ်ထိ လိုက်ပို့ပေးပြီးမှ သချိုင်းသို့ ပြန်လာခဲ့တော့သည်။

✤ ✣ ✤

မိစ္ဆာမဆိုကာ လက်ကိုကြိုးချည်၍
ဓားကြိမ်လုံးဖြင့် ရိုက်လိုက်ရာ ...

## အခန်း (၁၃)
# ဖုတ်ထုတ်မယ့်ည

"ဟော့ ... မြခွာညို ... မြခွာညို"

ညဉ့်နက်သန်းခေါင်အချိန် ခြံရှေ့ကကျယ်လောင်သည့်အသံဖြင့်ခေါ်လိုက်တာကြောင့် မြခွာညိုက ...

"ဘယ်သူတွေလဲ ... "

"ငါတို့ပါ ပေါက်ကြီး ဆရာလည်းပါတယ်၊ နင့်အဖေဖုတ်ထုတ်မလို့"

"ဟင်"

မြခွာညိုက မီးခွက်ထွန်းလိုက်စဉ် ပေါက်ကြီး ဖိုးချိုနှင့်ဆရာတို့အိမ်ထဲဝင်လာကြသည်။

ဆရာ့လက်ထဲတွင် အလုံးအနည်းငယ်ကြီးသည့်ကြိမ်လုံးကို ထိပ်တွင်ပိတ်ဖြူစ ပိတ်နီစတို့စည်းထား၏။

"ကလေးမ ဖုတ်ကောင်ကိုအခုညဘက်ထုတ်မယ် ရေအိုးအသင့်လုပ်ထားလား"

ဆရာကမေးလိုက်သောအခါ မြခွာညိုက ...

"အဖေ ... အဖေမရှိတော့ဘူး"

"ဟော _ ဘယ်ရောက်သွားလို့လဲ"

ဆရာက မျက်လုံးပြူးကာသွား၏။ ပေါက်ကြီးနှင့်ဖိုးချိုက အခန်းဝသို့ ပြေးကာသွားကြည့်ပြီး ...

"ဘယ်လိုလုပ်ကြမလဲဆရာ _ မြခ္ခာညို နှင့်အဖေဘယ်ကိုထွက်သွားတာလဲ"

"မသိဘူး"

"မသိလို့ဖြစ်မလား ... နင့်အဖေအစစ်မဟုတ်တော့ဘူး ဖုတ်ကောင်ဝင်နေတာ တစ်ရွာလုံးကိုဒုက္ခပေးမှာဟာ ...

ဘယ်မှာလဲပြော ဆရာကဖုတ်ထုတ်ပေးမှာ"

ပေါက်ကြီးကပြောတော့ မြခ္ခာညိုက ...

"ဖုတ်ထုတ်လိုက်ရင် အဖေ့ကိုဝိညာဉ်ပြန်ကပ်မှာလား"

"ကလေးမ ညည်းအဖေသေနေပြီ သင်္ဂြိုဟ်ဖို့ပဲရှိဟော့တာ"

"အဲလိုဆိုလည်း ဒီအတိုင်းပဲထားလိုက်ပါလား ဖုတ်ဖြစ်နေလည်း ကျွန်မအဖေက ကျွန်မအဖေပဲ"

"ဟာ ... ဒီကလေးမ တော်တော်အပြောရခက်ပါလား ဖုတ်ကကြာရင် တစ်ရွာလုံးကိုဒုက္ခပေးမှာ ညည်းသိရဲ့လား ...

ခု ဘယ်မှာလဲပြော မပြောရင်ညည်းကိုပါမကောင်းဆိုးဝါးကပ်နေလို့ပဲ"

"မပြောဘူး ... လုံးဝမပြောဘူး"

မြခ္ခာညိုက ရဲရဲတင်းတင်းကိုပြောတော့ ဆရာက ...

"ဟေ့ကောင် ပေါက်ကြီးနဲ့ဖိုးချို"

"ဗျာ ... ဆရာ"

"ဒီကောင်မကို သူကြီးအိမ်ခေါ်ခဲ့ သူ့ကိုယ်မှာလည်းမကောင်းဆိုးဝါးကပ်နေတယ်"

"ဟုတ်ကဲ့ ဆရာ"

ပေါက်ကြီးနှင့်ဖိုးချိုက မြခ္ခာညိုကိုဘယ်ညာလက်မောင်းကိုချုပ်ကိုင်

လိုက်ရာ မြခွာညိုက ...

"မလိုက်ဘူး ... မလိုက်ဘူး ... ငါ့အသားကိုမထိနဲ့"

"ဟင် ... ဒီကောင်မ ငါရိုက်လိုက်ရင်သေတော့မယ်"

ဆရာက ကြိမ်ကိုမြှောက်၍ဟန့်လိုက်ရာ မြခွာညိုက ...

"ရှဖ်ရိုက်လို့သေချင်သေပါစေ ကျွန်မအဖေရှိတဲ့နေရာကိုမပြောဘူး"

"ဟာ ... ဒီကောင်မ ... "

ပေါက်ကြီးနှင့်ဖိုးချို မြခွာညိုလက်မောင်းကိုခပ်ကြမ်းကြမ်းဆုပ်၍ သူကြီးအိမ်သို့ခေါ်လာခဲ့တော့သည်။

❖ ❖ ❖



"ငါ့စကားကိုနားထောင်ရမယ် ငါပြောသလိုမလုပ်ရင် အထက်ဆရာတွေရဲ့ အမိန့်နဲ့နှင့်ကိုရိုက်ရမယ်"

ဆရာကလေသံပြင်းပြင်းနှင့်ကြိမ်းလိုက်သည်။ သူကြီးအိမ်ရှေ့ခြံထဲမြေကွက်လပ်တွင် မြစ္စာညီုအားလက်ပြန်ကြိုးတုပ်ကာ စည်းဝိုင်းထဲထည့်၍ထားသည်။

ဘေးဘက်လေးထောင့်မှာတော့ မီးတုတ်များထွန်းထားသဖြင့် လင်းထိန်လို့နေ၏။

သူကြီးက ဆရာနားကပ်၍ လေသံတိုးတိုးနှင့် ...

"ကောင်မလေးက တကယ်မကောင်းဆိုးဝါးကပ်နေလို့လား မဟုတ်ရင် ဥပဒေနဲ့မညီလို့ ဒုက္ခဖြစ်နေမယ်"

ပြောတော့ ဆရာက ...

"မကောင်းဆိုးဝါးနဲ့အတူတူနေနေတော့ သူလည်းမကောင်းဆိုးဝါးဝင်ကပ်နေတာနေမှာပါ သူကြီးမပူပါနဲ့ ကျုပ်ထုတ်မယ် မှုရင်းလိပ်ပြာရှင်ဘာမှမဖြစ်ဘူး ခံရရင် ဝင်ပူးနေတဲ့ကောင်ပဲခံရမှာ"

"အေးလေ ... အဲလိုဆိုလည်းကောင်းပါတယ် တော်ကြာရွာနဲ့ပြဿနာဖြစ်နေမယ်"

ဆရာကစည်းဝိုင်းထဲဝင်၍ ...

"မိစ္ဆာမ ငါအမိန့်ပေးနေတယ် နားထောင်စမ်း ဟိုဖုတ်ကောင်ဘယ်မှာလဲပြော ..."

"မသိဘူး ... "

"ဖြန်း ... ဖြန်း ... ဖြန်း"

ဆရာက ကြိမ်လုံးကိုမြှောက်လျက် အားရပါးရရိုက်လိုက်ရာ ...

"အား ... အား"

မြခွာညိုက မချိမဆန့်အော်ရှာသည်။

ကြည့်နေသည့် ရွာသားတချို့က စိတ်မကောင်းကြ ဒါကိုသဘောပေါက်တဲ့ဆရာက ...

"မိစ္ဆာမကိုထုတ်နေတာ လိပ်ပြာရှင် ဘာမှမဖြစ်ဘူး ဟဲ့ပြောစမ်း ဖုတ်ကောင်ဘယ်မှာလဲ"

"မပြောဘူး"

"ဟယ် _ တယ်ခေါင်းမာပါလား _ လာထား ငါဆရာအစွမ်းပြမယ်"

"ဖြန်း ... ဖြန်း ... ဖြန်း"

အခုတစ်ခါတော့ မြခွာညိုမအော်တော့နှုတ်ခမ်းကိုဖိကိုက်ကာထားသဖြင့် သွေးများစီးကျလာသည်။

"မေးနေတာကိုဖြေ မဖြေရင်ထပ်ရိုက်မယ်"

ကြိုက်သလိုလုပ် မဖြေဘူး"

"တယ် ခေါင်းမာတဲ့ဟာပဲဟေ့ ... ရေတစ်ပုံးခပ်ခဲ့စမ်း"

ဖိုးချိုက ရေပုံးတစ်ပုံးပြေးခပ်ပြီးလာတော့ ဆရာက ...

"စည်းထဲမဝင်နဲ့ အပြင်ကနေရွဲအောင်ပတ်လိုက်"

"ဝုန်း"

ဖိုးချိုက လှမ်းပတ်လိုက်ရာ မြခွာညိုတစ်ကိုယ်လုံးရွဲစိုကာသွားသည်။

"မိစ္ဆာမ ငါထပ်မေးမယ် _ ဖုတ်ကောင်ဘယ်မှာလဲ"

"ခွေးတူး အသေသတ်ချင်သတ်"

မြခွာညိုကပြောတော့ ဆရာက ...

"ခုတခါပိုနာမယ် ... "

ဆို၍ ကြိမ်လုံးကိုမြှောက်လိုက်ရာ ...

"တော်လောက်ပြီထင်တယ် သိပ်လွန်လာရင် အရှင်လတ်လတ်သဂြိုဟ်လိုက်မယ်"

"ဟင်"

"ဟာ"

ခြံထဲသို့လှမ်းအော်ပြောရင်း ခြေတစ်လှမ်းချင်းလှမ်းဝင်လာသည့် ရှမ်းဘောင်းဘီနှင့်အင်္ကျီကိုဝတ်ထားသော သီဟကိုမြင်၍ အားလုံးအံ့သြသွားသည်။

ဆရာက ...

"မင်းဘယ်သူလဲ"

"သုဘရာဇာ ... "

တိုတိုပြတ်ပြတ်ဖြေ၍ စည်းဝိုင်းထဲဝင်၍လက်ပြန်ကြိုးတုပ်ထားသော မြခွာညိုကို ဖြည်ပေးပြီးပွေ့ချီလိုက်သည်။

"ဒီကောင်မလေးကိုကပ်နေတဲ့ မိစ္ဆာမကိုနှွာပေးနေတာ မင်းကဘာလာရှုပ်တာလဲ"

"မိစ္ဆာမနေတာ သင်္ချိုင်းမှာမလား သင်္ချိုင်းကိုပဲခေါ်သွားတော့မယ်"

ဘယ်သူ့မှဂရုမစိုက်စွာနှင့် မြခွာညိုကိုပွေ့လျက် ခြံထဲကထွက်ကာသွားတော့သည်။

❖ ❖ ❖

မိဖုရားသိုက်ရှင်
တစ်သက်လုံးဖြုန်းမကုန်ဘူး
ဒါကြောင့် . . .

## အခန်း (၁၄)
## ရှာပြန်မယ့်မိစ္ဆာမ

"သူကြီးရေ ... လုပ်ပါဦး"

"ဟာ ... ဘာဖြစ်ပြန်ပြီလဲ"

ရွာတောင်ပိုင်းက ထွေးညိုရဲ့အသံကပျာတက်နေသည်။ သူကြီးက အိပ် ရာမှနိုးစရှိသေးသည်။ အိမ်အောက်က အော်သံကြောင့် ခပ်မြန်မြန် ဆင်းလာသည်။

"သူကြီး ကျွန်မကလေးက အမွှာလေ"

"အေး ... ဘာဖြစ်လဲ"

ထွေးညိုကလေး အမွှာက ချူချာလွန်းတာကိုသူကြီးသိတာကြောင့် စိတ်ပူသွားသည်။

"မရှိတော့ဘူး ... တော့"

"ဆုံးသွားပြီလား ... စိတ်မကောင်းစရာပဲ"

ထွေးညိုက ရင်ဘတ်ကိုထုကာငိုလျက် ...

"ဆုံးသွားတာမှမြေသာဦးမယ် ခုဟာကပျောက်သွားတာ"

"ဟေ ... ဘယ်လို"

သူကြီးခေါင်းခြောက်ရပြန်ပြီ ထွေးညိုက ...

"ကိုစောက ခရီးသွားနေတာ သိရင်တော့ကျုပ်ကိုသတ်မှာ၊ သေသာ သေလိုက်ချင်တယ် လုပ်ပါဦး သူကြီးရယ် ...

ကျုပ်ကလေးနှစ်ယောက်ကိုတွေ့အောင်ရှာပေးပါ"

"အေး ... ကလေးပျောက်တာ ဒါနဲ့ဆိုငါးယောက်ရှိပြီ တစ်ယောက်မှ လည်းမတွေ့ဘူး ခက်တော့ခက်နေပြီ ...

ဟိုမကောင်းဆိုးဝါးကပ်နေတဲ့အလောင်းကလည်း ရွာထဲမှာမရှိတော့ဘူး ... "

သူကြီးက ညည်းညူလိုက်သည်။

"သူကြီး တွေ့အောင်ရှာပေးပါ သူကြီးရယ်"

ထွေးညိုက ဒူးထောက်ကာ သူကြီးခြေထောက်ကိုဖက်လျက်ပြောတော့ သူကြီးက ...

"အေးပါဟာ ... ငါရှာပေးပါ့မယ်"

သူကြီးလည်း ထွေးညိုကိုနှစ်သိမ့်ကာပြန်လွှတ်လိုက်သည်။

ရေနွေးကြမ်းသောက်ရင်း ရပ်ရွာထဲဖြစ်နေသည့်ပြဿနာတွေအတွက် ခေါင်းခဲနေစဉ် ...

"သူကြီး"

"ဟော"

ကြည့်လိုက်တော့ ပေါက်ကြီးနှင့်ဖိုးချို ပြီးတော့ ဆရာသူတို့သုံးယောက် ခြံထဲဝင်လာပြီး ...

ဆရာက ...

"သူကြီး ကျုပ်ပြန်ဦးမယ်"

"ဟို ကိစ္စတွေမလုပ်ပေးတော့ဘူးလား"

"ကျုပ်ပြန်လာမှာပါ ကျုပ်ဆရာကိုသွားခေါ်မှသို့ မိဖုရားသိုက်ကိုဖော် ယ်လေ"

"တင်"

သူကြီးမျက်လုံးပြူးသွားသည်။ မိဖုရားသိုက်ဆိုတာ စိန်ရွှေငွေရတနာ ဖျည်းတွေနည်းတာမဟုတ် ...

လာလာရှာတဲ့ သိုက်ဆရာတွေရှုံးပြီး ပြန်ကြတာများသည် ရသည်ဟု မရှိ။

ခုလာပြန်ပြီ ...

"ကျုပ်ဆရာ ဘယ်လောက်စွမ်းသလဲဆိုရင် နဂါးတောင်လို့ခေါ်လို့ရတယ်"

"အဟုတ်လား ... "

"ကျုပ်ခေါ်လာရင် သူကြီးတွေ့မှာပါ ဘီလူးသရဲတစ္ဆေတွေဆို ဖိန့်ဖိန့်တုန်အောင်ကြောက်ကြတာ ကျုပ်တတ်တာသူအစွမ်းအစတောင်မရှိဘူး သူဂါထာရွတ်ရင် ဥစ္စာစောင့်တွေမနေနိုင်ဘူး လူးလိမ့်နေတာ"

"မိဖုရားသိုက်က နောင်ပွင့်မယ့်ဘုရားအတွက် ရည်စူးထားတာဆိုတော့ ဖြစ်ပါ့မလား"

သူကြီးကမေးတော့ ဆရာက ...

"လျှောက်ပြောကြတာ တကယ်တော့ ပိုင်ရှင်မဲ့ပစ္စည်းတွေဒီအတိုင်းထားဘာလုပ်မှာလဲ ကျုပ်တို့လက်ထဲရောက်ရင် သုံးစွဲလို့ရတယ်မလား"

"ဟုတ်တာပေါ့ သူကြီးရဲ့"

"ကျုပ်လည်း အရက်ကလေး မပူမပင်တစ်သက်လုံးသောက်ရရင်တော် ပါပြီ"

ပေါက်ကြီးနှင့်ဖိုးချိုကအားရပါးရဝင်ပြောသည်။

ဆရာက ...

"သူကြီးလည်း တစ်စုဝင်လိုက်လေ"

"နေပါ ကျုပ်ကအဲဒီလိုကိစ္စမျိုးစိတ်မဝင်စားဘူး။ ခင်ဗျားတို့အလုပ် ခင်ဗျားတို့လုပ်တာ ဘာမှမပြောလိုပါဘူး"

"သူကြီး သဘောပါပဲ ကျွပ်သွားဦးမယ်"

ဆရာက လွယ်အိတ်ကိုကောက်လွယ်ကာထွက်သွားတော့ ပေါက်ကြီးနှင့်ဖိုးချိုနောက်မှပြေးလိုက်သွားသည်။

"ဟင်"

သူကြီးက သက်ပြင်းရှည်ကြီးကိုသာ ချလိုက်လေတော့သည်။

“ကိုသီဟကို ဘယ်လိုကျေးဇူးတင်မှန်းမသိတော့ပါဘူး”

ဒဏ်ရာများသက်သာလာရာ၍ ထူထူထောင်ထောင်ဖြစ်လာသည့် မြခွာညိုက သီဟကိုပြောၓ၏။

“အစ်ကိုက ခွာညိုဒဏ်ရာပျောက်မှာတောင်စိုးရိမ်နေတာ”

“ရှင် ... ”

မြခွာညို မျက်လုံးလေးဝိုင်းလို့သွားသည်။

“အစ်ကိုတကယ်ပြောတာ ခွာညိုကဒဏ်ရာပျောက်ရင်ရွာပြန်မှာမလား”

“အင်း ... ဘယ်လိုလုပ်ရမှန်းမသိပါဘူး”

မြခွာညိုကို သီဟကယ်လာပြီး သချိုင်းကသူ့တဲမှာထားတာ တစ်ပတ်တောင်ကျော်လို့နေပြီ။

ဖုတ်ဝင်နေသည်ဆိုသည့် ဦးကျော်တင့်ကိုလည်း သီဟကပြုစုရသေးသည်။

သားအဖနှစ်ယောက် ဒီတဲကိုရောက်တာ ပျော်သလိုတောင် ရှိနေ၏။

သချိုင်းရောက်တော့ လူသေတွေက သူတို့ကိုကဲ့ရဲ့တာမရှိအေးချမ်းတိတ်ဆိတ်ပြီး ငြိမ်းချမ်းလှသည်။

"ဟိတ် ... ဘာတွေစဉ်းစားနေတာလဲ"

"ဟင်"

အတွေးလွန်နေသည့် မြခွာညိုတစ်ယောက် သီဟာအမေးကြောင့်လန့်လို့သွားသည်။

"ရွာထဲပြန်ချင်ပြီလား"

"ရွာထဲပြန်တော့ ခွာညို့အတွက်ဘာထူးလာမှာလဲ အဖေကလည်းဒီမှာလေ အဖေ့ကိုပြန်ခေါ်သွားရင်လည်းရွာက လက်ခံမှာမှမဟုတ်တာ"

"အဲဒါတော့ ဟုတ်တယ် ဦးလေးအခြေအနေကစိတ်မချရဘူး"

"ခွာညို အစ်ကို့ကို အားနာလှပါတယ် အစ်ကိုက ခွာညိုတို့ကိုခေါ်ထားတဲ့အတွက် အကုန်အကျတွေလည်းများမှာပေါ့"

သီဟက မြခွာညိုစကားကြောင့် ပြုံးလိုက်ပြီး ...

"အစ်ကိုက သုဘရာဇာဆိုပေမယ့် ကျွေးနိုင်မွေးနိုင်ပါတယ်"

"သုဘရာဇာအလုပ်က ဝင်ငွေမှမရှိတာ"

"အစ်ကိုက တောထဲကဆေးမြစ်တွေရှာတယ် ဝယ်သူကိုရောင်းတယ် အဲ့ဒီကငွေက ခွာညိုတို့သားအဖအပြင် နောက်ထပ်လူငါးယောက်လောက်ကိုဝဝကျွေးနိုင်ပါတယ်"

"အစ်ကိုရယ် ... "

သူတို့သားအဖအပေါ် စေတနာထားလွန်းသော သီဟာကိုမြခွာညိုအားကိုးစွာကြည့်လိုက်၏။

"ခွာညိုရွာပြန်ဦးမယ် အိမ်ကိုဒီအတိုင်းထားလို့မရဘူး အစ်ကိုရဲ့၊ ပစ္စည်းလည်း နည်းနည်းပါးပါးရှိတယ်မလား"

"ပြန်ချင်ပြန်လေ ဦးလေးအတွက်စိတ်ချပါ"

"ကျေးဇူးပါပဲ အစ်ကို"

---

ညနေရောက်တော့ မြခွာညိုလည်း သီဟာနှင့်သူ့အဖေတို့ကိုနှုတ်ဆက်ကာ သချိုင်းထဲမှပြန်လာခဲ့တော့သည်။

❖ ✣ ❖

မိစ္ဆာမ ရွာထဲကကဆွက်ဆိုပြီး
မောင်းထုတ်ကြရာ

အခန်း (၁၅)
## တခွေနှင်တဲ့ရွာ

"ဟင်"

မြခ္ခာညို ရွာထဲဝင်လာတော့ အိမ်မဲကြီးမှသူနှင့်ရွယ်တူခန့်ရှိသည့် မိန်းမပျိုတစ်ယောက်နှင့်လမ်း၌ဆုံလေ၏။

မိန်းမပျိုကသူ့ကိုပြုံးပြတော့ မြခ္ခာညိုကကြောက်ကြောက်နှင့်ပြန်ပြုံးပြလိုက်သည်။ နံဘေးကဖြတ်သွားတော့ ထူးဆန်းသည့်အမွှေးနံ့တစ်မျိုးကိုရလေသည်။

"ထူးဆန်းတဲ့ အမွှေးနံ့ပဲ"

မြခ္ခာညိုစိတ်ထဲကတွေးမိပြီး လူလည်းလန်းဆန်းသွားသလိုခံစားရသည်။

ရွာလယ်လမ်းမအတိုင်းဆက်လျှောက်လာရာ ကလေးတစ်ယောက်က သူ့လာတာကိုမြင်၍ ...

"မိစ္ဆာမ ရွာထဲဝင်လာပြီ"

အသံကုန်ဟစ်ကာ ရွာထဲပြေးဝင်လို့သွားတော့ မြခ္ခာညိုအံ့ဩသွားသည်။

"မိစ္ဆာမ ရွာထဲဝင်လာတယ်ဗျို့ ... "

ကလေးငယ်ရဲ့အသံက အဆက်မပြတ်ကိုအော်တော့ အိမ်ရှေ့ထွက်၍ လူကြီးတွေကကြည့်ကြပေမယ့် သူအနားရောက်လာတာနှင့်အိမ်ပေါ်ပြေးတက်သွားကြသည်။

"ဟဲ့ကောင်လေး _ အိမ်ထဲအမြန်ဝင် သေချင်လို့လား။ ဟိုက နင့်လိပ်ပြာနှုတ်သွားလိမ့်မယ်"

"မိစ္ဆာမဆိုတာ ဘာလဲ အမေ"

"မိစ္ဆာမဆိုတာ သရဲမကိုပြောတာဟဲ့ ... အကြောက်အလန့်ကိုမရှိဘူး"

မိခင်တစ်ယောက်က ကလေးတစ်ယောက်ကိုဆူဟောက်သံကိုကြားရရာ မြခွာညိုစိတ်မကောင်းဖြစ်သွားမိ၏။

အိမ်သို့အမြန်ရောက်အောင်ပြန်လာပြီး အိမ်ပေါ်ရောက်၍ ဖရိုဖရဲဖြစ်နေသည့် ပစ္စည်းတို့ကိုလိုက်သိမ်းလိုက်၏။

မိုးကချုပ်လာပြီဖြစ်၍ မီးခွက်ထွန်းရန်မီးခြစ်လိုက်ရှာရာမတွေ့၍ _

ခြေရင်းခြံက အဘစိုးဆီသွားငှားရန်အိမ်ထဲကထွက်လာပြီး အိမ်ရှေ့မှလှမ်းခေါ်လိုက်သည်။

"အဘစိုးရေ ... အဘစိုး ... "

"ဟော"

အထဲကပြန်ထူးသံကြားရတာကြောင့် မြခွာညိုက ...

"အဘစိုး မြခွာညိုပါ မီးခြစ်လေးငှားချင်လို့ပါ ... "

"ဟင် ... မြခွာညိုဟုတ်လား"

"ဟုတ်တယ် အဘစိုး ... "

"ဒုံး ... ဒုံး ... "

အိမ်တံခါးဆောင့်ပိတ်သံကြားရပြီး အဘစိုးရဲ့အသံထွက်လာသည်။

"မြခွာညိုရေ အမျှ ... အမျှ ... အမျှ ... ယူပါကွယ်"

"ဟင် ... "

---

သူ့ကိုအရှုပေးနေသည့် အဘစိုး ဒီလိုဆိုရှာက သူ့ကို ဘယ်လိုထင်တဲ့

မြှောညို လွန်စွာဝမ်းနည်း၍ ပါးပေါ်သို့မျက်ရည်များစီးကျကာလာသည်။ မှောက်ပြန်လှည့်၍ လေးကွေးသောခြေလှမ်းတို့ဖြင့် အိမ်သို့ပြန်လာကာ အမှောင်ထဲ့ထိုင်နေလိုက်သည်။

ကိုယ့်ရဲ့အဖြစ် ဖခင်ရဲ့အဖြစ်ကိုဝမ်းနည်းလို့မဆုံးဖြစ်ရသည်။

ဘယ်အချိန်ထိကြာအောင် မျက်ရည်ကျသည်မသိ ...

"ဒိုး ... ဒိုး ... "

အိမ်ထဲသို့ ခဲများပစ်သွင်းတဲ့အသံကြားမှ လန့်ပြီးသတိဝင်လာသည်။

"ဒိုး ... ဒိုး ... "

"ဟော့ ... မိစ္ဆာမ ရွာထဲကထွက် ... "

"ဒိုး ... ဒိုး ... "

"မိစ္ဆာမရွာထဲဝင်လာတာ မိသင်စိုး ဆုံးပြီ နင်ထွက်သွား"

"ဒိုး ... ဒိုး"

ခဲတွေအဆက်မပြတ် ပစ်နေတာကြောင့်အိမ်တံခါးကိုပိတ်ကာထားရပြီး အားပျော့ကာ ဒူးခွေကျပြီးထိုင်ချလိုက်ရတော့သည်။

❖ ✣ ❖

"မြခွာညို ဒီရွာမှာမနေပါနဲ့တော့ ရွာကမြခွာညိုကိုလက်မခံတော့ ဦးကြီး လည်းဘာမှမတတ်နိုင်ဘူး"

သူကြီးက မြခွာညိုအားခေါ်၍ပြောတော့ မြခွာညိုကအံကိုငါင်းတင်းကြိတ်ကာ ခေါင်းကိုငုံ့ထားလိုက်သည်။

"အဖေကလည်း ဖုတ်ဝင်နေတယ် ဖုတ်ဝင်နေတဲ့အဖေကိုပြုစုတဲ့ မြခွာညိုကလည်း ဖုတ်ထုတ်မှာကိုလက်မခံတော့ မိစ္ဆာကပ်နေတာလို့ရွာကထင်နေတယ် ...

ပုံဆိုးတာက မြခွာညိုမနေ့ညနေပြန်လာချိန်မှာပဲ မိသင်စိုးကအကောင်းကနေသေသွားတယ်မလား ရွာကပိုထင်တော့တာပေါ့"

သူကြီးကရှင်းပြတော့ မြခွာညိုကဘာမှပြန်မပြောဘဲနေသည်။

"မြခွာညို သုဘရာဇာလာခေါ်သွားတော့ သင်္ချိုင်းမှာပဲနေတာမလား"

"အင်း"

"ရွာကအဲဒါကြောင့်ပိုထင်တာပေါ့ ဘာပဲဖြစ်ဖြစ်လောလောဆည် ရွာကရှောင်နေပါ၊ ရွာကအမြင်ပြန်ကြည်မှပြန်လာပေါ့"

"ဟုတ်ကဲ့ပါ"

မြွှာညီလည်း သူကြီးရှေ့မှထပြီး ခြံထဲမှလေးကွေးသောခြေလှမ်းတို့ဖြင့်ထွက်လာလေတော့သည်။

❖ ✣ ❖

ဓောင်းသံနှင့်အတူ မြေကြီးတို့
လှိုင်းတံပိုးထလာပြီး ကြောက်မက်ဖွယ်
အသံကြီး မြည်လာခဲ့ . . .

## အခန်း (၁၆)
## သိုက်ထူးပွဲ

မိဖုးရားရုပ်တုလှိုဏ်ဂူထဲမှာ မီးတုတ်အလင်းရောင်များကြောင့် လင်းထိန်လို့နေသလို အမွှေးတိုင်နံ့တို့ကလည်း မွှေးကြိုင်နေ၏။

ရုပ်တုရှေ့စည်းဝိုင်းထဲမှာတော့ ဦးကျော်တင့်နှင့်မြခွာညိုတို့ကို ကျောချင်းကပ်ကြိုးတုပ်ကာထားသည်။

သူတို့ရှေ့မှာတော့ ရွာကိုလာ၍ ဖုတ်ထုတ်မည်ဆိုသည့်ဆရာနှင့် သူ့ဆရာစကြာက မိဖုရားရုပ်တုကိုစူးစိုက်ကြည့်၍ ဂါထာမန်းမှုတ်နေသည်။

သူတို့နောက်တွင် ပေါက်ကြီးနှင့်ဖိုးချို၊ ဆရာစကြာ၏တပည့်ဆယ်ယောက်ကျော်ခန့်ရှိ၏။

သူတို့ရဲ့မျက်နှာမှာ လောဘခိုးတွေတက်ကာနေသည်။

"ဒီ မိစ္ဆာနှစ်ကောင်နဲ့ သိုက်စောင့်တွေကိုမျှားရမယ် သိုက်စောင့်တွေကိုချုပ်ဖို့အတွက် သိုက်ကြိုးအဆင့်သင့်လုပ်ထားကြ ... "

"ဟုတ်ကဲ့ ဆရာစကြာ"

အုန်း၊ ငှက်ပျောကန်တော့ပွဲများကို ကျနစွာပြင်ထားပြီးဖယောင်းတိုင် အမွှေးတိုင်တို့ကိုအဆက်မပြတ်ထွန်းထားသည်။

ခဏကြာတော့ ...

ဆရာစကြာကခေါင်းညိတ်လိုက်ပြီး ...

"အချိန်ကျပြီပော့ ... ပေးစမ်းငါ့ကိုကြိမ်လုံး"

တပည့်တစ်ယောက်က ကြိမ်လုံးပေးလိုက်ရာ ဆရာစကြာက မြခွာညို့တို့သားအဖအား ...

"နင်တို့ ဒီသိုက်ကအစေအပါးတွေ နင်တို့ကျွဲချုပ်မှုနင်တို့သခင်တွေလာမှာ ... ရော့"

"မြန်း"

"အား ... "

ဆရာစကြာရဲ့ကြိမ်ဒဏ်အောက်မှာ မြခွာညို့တို့သားအဖအလူးအလဲကိုခံနေရသည်။

"မြန်း ... "

"အား ... "

သူတို့ကို ထောင်ချောက်သဘောမျိုးဖြင့်ရိုက်နှက်နေစဉ် ...

လွန်စွာငြိမ့်ညောင်းသောစောင်းသံထွက်ပေါ်လာ၏။

"ဟင်"

ဆရာစကြာသဘောကျစွာနှင့် ...

"ဟား ... ဟား ... ဟား"

အားရပါးရရယ်ပြီး ပါးစပ်က ဂါထာတစ်ပုဒ်ကိုအဆက်မပြတ်ရွတ်ပြန်သည်။

ထိုစဉ် ...

"ဟာ ... ချောလိုက်တာ"

ဆရာစကြာရဲ့တပည့်တွေရဲ့ ပါးစပ်ကအလိုလိုထွက်သွားသည်။ စောင်းကိုကိုယ်စီပိုက်လျက် လိုဏ်ဂူနောက်မှထွက်လာသည့် အလွန်လှပသည့်မိန်းမပျိုးယောက် ...

မှုန်ရည်ကလည်း အလွန်ဆင်သည်။

ရှေ့ဆုံးက မိန်းမပျို့က ...

"သင်တို့ ဘာအလိုရှိလို့ ဒီကိုလာရပါသလဲ"

ပျူငှာစွာမေးတော့ ဆရာစကြာက ...

"နင်တို့က သိုက်စောင့်တွေလား နင်တို့ကိုသိုက်ကြိုးနဲ့မချုပ်ခင် သိုက်ထဲကပစ္စည်းတွေထုတ်ပေးစမ်း"

"ခစ် ... ခစ် ... ခစ် ..."

မိန်းမပျို့တို့က ရယ်မောကြရာ ဆရာစကြာဒေါကန်သွားပြီး ...

"နင်တို့ကလျောင်တယ်ပေါ့ နင်တို့တွေ့မယ်"

အုန်းပွဲငှက်ပျောပွဲထဲက အထုပ်တစ်ထုပ်ကိုယူ၍ လက်ဝါးပေါ်တင်လိုက်စဉ် ...

"ဒုန်း"

မြေကြီးကိုတောင်ဝှေးဆောင့်သံနှင့်အတူ ဝတ်ရုံအနက်အဘွားအိုရောက်လာသည်။

"မတော်တာကြတဲ့ လောဘကောင်တွေရောက်လာကြပြီပေါ့"

"ဟုတ်တယ် ... ကျုပ်မိဖုရားသိုက်က ဥစ္စာတွေကိုလိုချင်တယ် ခင်ဗျားက သိုက်စောင့်ချုပ်မလား ထုတ်ပေး။ မထုတ်ပေးရင် ဇော်ဂနီ၊ ဇော်ဂနက် ဂမုန်းနက် နတ်ပွင့်ရောထားတဲ့ဆေးနဲ့ခင်ဗျားတို့သိုက်ကိုဖြိုမယ်"

"ဟား ... ဟား ... ဟား"

အဘွားအိုက သဘောကျစွာရယ်မောပြီး တောင်ဝှေးကိုတစ်ချက်ဆောင့်လိုက်ရာ မိန်းမပျို့ငါးဖော်ကသူတို့လက်ထဲကစောင်းကိုသံပြိုင်တီးလိုက်ကြသည်။

"ဟင်"

"ဟာ"

စောင်းသံထွက်လာတာနှင့် မြေကြီးများမှရေလှိုင်းများလိုတလိမ့်လိမ့်

တက်လာပြီး ကြောက်မက်ဖွယ်ရာအသံကြီးများလည်းထွက်ပေါ်လို့လာသည်။

"ဟီး ... "

ဆရာစကြာနှင့်တပည့်များက နေရာ၌လှုပ်လို့မရပဲဖြစ်နေရာ သွေးပျက်ဖွယ်အော်ဟစ်နေသည်။

ထိုစဉ် ...

ဂူပေါက်ဝမှဦးအဂ္ဂနှင့် သီဟတို့ပြေးဝင်လာပြီး မြခ္ခာညိုတို့သားအဖအားကယ်တင်သွားသည်။

အရှိန်မြင့်လာသော စောင်းသံကြောင့် ဂူနံရံများပိုမိုလှုပ်ရမ်းလာသည်။

သို့သော် ...

စောင်းတီးသည့်မိန်းမပျိုများကတော့ ဂူထဲမှာမရှိတော့ စောင်းသံကတော့ကျန်နေဆဲ ...

မကြာခင်မှာပဲ ...

"ဟီး ... "

ကြောက်စရာအသံကြီးနှင့်အတူ ဂူတစ်ခုလုံး ပြိုကျလို့ သွားတော့သည်။

❖ ✣ ❖

နိဂုံး

"ဒီအိမ်မဲကြီးကို ကျုပ်တပည့်လည်းဖြစ်၊ ဒီရွာဒီသချိုင်းရဲ့ သုဘရာဇာလည်းဖြစ်တဲ့ သီဟာကို ကျုပ်ပေးခဲ့ပါတယ်"

ဦးအဂ္ဂက ကြီးမားသော လွယ်အိတ်ကြီးကိုလွယ်ကာ သူ့ဘေး၌ မျက်နှာသေကြီးဖြင့်ရပ်နေသည့် ဦးကျော်တင့်နှင့်အတူ သူကြီးနှင့်ရပ်ရွာကလူကြီးများရှေ့တွင်ရပ်ကာပြော၏။

သူကြီးက ...

"ဦးအဂ္ဂကို ကျွန်တော် သိချင်တာမေးပါရစေ"

"မေးပါ သူကြီး"

"ဦးအဂ္ဂတို့ အိမ်မဲကြီးက ထွက်သွားမယ်ဆိုတော့ အဲဒီအိမ်က"

သူကြီးစကားကို ဦးအဂ္ဂကသဘောပေါက်စွာနှင့် ...

"မိဖုရားသိုက်လည်း ဖြိုလိုက်ပါပြီ ... ပိုမိုလုံခြုံတဲ့နေရာကိုရွှေ့သွားပြီဖြစ်လို့ သူတို့လည်းမရှိကြတော့ပါဘူး"

"ဒါ ... ဒါ ... ဆို ရွာက ကလေးတွေ"

"သူတို့တွေဟာ ပါရမီဆက်တွေမို့ သူတို့ရဲ့ဌာနေကလာခေါ်သွားကြတာပါ"

"ဟင် ... "

"ဟာ"

ဦးအဂ္ဂစကားကြောင့် ကလေး၏မိခင်ဖခင်တို့က အံ့သြထိတ်လန့်သွား ကြသည်။ မိခင်တို့ရဲ့ရှိုက်သံ ဖခင်တွေရဲ့တောက်ခေါက်သံတွေ ထွက်လာပေမယ့် ဦးအဂ္ဂကိုတော့ မလွန်ဆန်ရဲ ... သူကြီးကတော့ ...

"ဟို ... ဟိုလူကို ... "

ဦးကျော်တင့်ကို လက်ညှိုးထိုးကာ မေးလေရာ ... ဦးအဂ္ဂက ပြုံး၍ ...

"သူက ခင်ဗျားတို့ရွာထဲကအလောင်းလေ ... အလောင်းကို ရွာထဲ ဆက်ထားရင် ရွာနာမှာပေါ့ ... ကျုပ်ပဲခေါ်သွားတော့မယ်"

ပြောလိုက်ရာ မြခွာညိုက ...

"အဖေ ... "

ခေါ်လိုက်ပေမယ့် ဦးကျော်တင့်က မလှုပ်မယှက် ... ဦးအဂ္ဂက

"သမီး ... သူ့ကို ရွာထဲမှာ ဘယ်လိုမှထားမရလို့ ဦးကြီးခေါ်သွားရ မှာပါ"

ခွာညိုက ဦးကျော်တင့်ရှေ့ ဒူးထောက်ကာ လက်အုပ်ချီ၍ ရှိခိုးလိုက် သည်။ မျက်လုံးထဲမှာလည်း မျက်ရည်တွေ ပြည့်လျှံ၍ ပါးပေါ်လိမ့်ဆင်းလာပြီး

"ဘယ်သူတွေ ဘာပြောပြော အဖေက ခွာညို့အဖေပါ ... အဖေ ဘာပဲဖြစ်နေဖြစ်နေ သမီးရဲ့အဖေပါပဲ"

ဦးအဂ္ဂက ခွာညိုခေါင်းကိုအသာပွတ်၍ ...

"လောကမှာ ပြန်မရနိုင်တာတွေ မျှော်လင့်မနေပါနဲ့ သမီးရယ် ... သမီး ပင်ပန်းပါတယ် ... အခုချိန်မှာ သမီး တကယ်လုပ်ရမှာက သမီးအဖေ အတွက်ရည်စူးပြီး အလှူပြုအမျှဝေလိုက်ပါ ... "

ပြောကာ ဦးကျော်တင့်နှင့်အတူ ထွက်သွားလေတော့သည်။

''လောကမှာ မယုံနိုင်လောက်တဲ့ အဖြစ်ဆန်းတွေရှိတယ်ဆိုပေမယ့် အဖေ့ကိုမသင်္ဂြိုဟ်လိုက်ရတာ ခွာညိုစိတ်မကောင်းဘူး''

ခွာညိုကပြောတော့ သူ့ဘေးက အတူလျှောက်လာသည့်သီဟ က–

''ခွာညို့အဖေက အေးချမ်းတဲ့နေရာတစ်ခုကို ရောက်သွားပြီလို့ သဘောထားလိုက်ပါ''

''ခွာညိုက တစ်သက်လုံး အဖေ့ကိုအားကိုးတကြီးနဲ့နေလာတာ၊ ခုတော့ ဘယ်သူ့ကို''

ခွာညိုရဲ့အသံ တိမ်ဝင်လို့သွားသည်။ သီဟက ...

''စိတ်မကောင်းမဖြစ်ပါနဲ့ ခွာညို အားကိုးရမယ့်သူရှိပါတယ်''

''ဟင် ... ဘယ် ... ဘယ်သူလဲ''

''အစ်ကိုလေ ... ''

''အိုး ... ''

ခွာညိုက ရှက်ရွံ့စွာခေါင်းငုံ့သွားတော့ သီဟက ခွာညိုလက်ကလေးကို တင်းတင်းဆုပ်လိုက်သည်။

---

ရဲရင့်အောင်စာပေ

ခွာညိုမရှန်းတော့ ...
သူရှေ့ဆက်ရမယ့်လမ်းအတွက် အားသစ်တွေရှိနေပြီလေ ...

ပြီးပါပြီ။

စာဖတ်သူရှင်ကိုအမြဲထိရှမှုတွေပေးနေမယ့် ...
စာရေးတဲ့ ကျွန်မ ...
မော်ကေရီ

အမှတ်(၄၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်အကြံပြုသူများမျှော်လင့်လျက်
ဖုန်း – ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉